ကြေးမုံ

The Mirror

၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်၊ တနင်္လာနေ့ (1-8-2011) (၆၁၃၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း

နေပြည်တော် ဩဂုတ် ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်က ကြေညာချက်အမှတ် (၁/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုလွှတ်တော်

ကြေညာချက်အမှတ်(၁/၂၀၁၁)

၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်

(၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်

ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၃ တို့အရ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်(၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်) တနင်္လာနေ့တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ) ခင်အောင်မြင့်
နာယက
ပြည်ထောင်စုလွှတ်တော်

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း

နေပြည်တော် ဩဂုတ် ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်က ကြေညာချက်အမှတ် (၁/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်သူ့လွှတ်တော်

ကြေညာချက်အမှတ်(၁/၂၀၁၁)

၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်

(၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

ပထမအကြိမ် ပြည်သူ့လွှတ်တော်

ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆ နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၄ တို့အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်(၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်) တနင်္လာနေ့တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း

နေပြည်တော် ဩဂုတ် ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်က ကြေညာချက်အမှတ် (၁/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားလွှတ်တော်

ကြေညာချက်အမှတ်(၁/၂၀၁၁)

၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်

(၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

ပထမအကြိမ် အမျိုးသားလွှတ်တော်

ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅ နှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၄ တို့အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်(၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်) တနင်္လာနေ့တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

တစ်ဧကအထွက်နှုန်း တိုးတက်ကောင်းမွန်လာပါက လယ်ပိုင်ရှင်များ ဝင်ငွေကောင်း တွက်ခြေကိုက်မည်ဖြစ် လယ်ယာလုပ်သားများလည်း အလုပ်အကိုင်တိုးတက်ရရှိမည်

နေပြည်တော် ဇူလိုင် ၃၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ ဧက ၁၀၀ စိုက်ခင်းအတွင်း မိုးစပါး သိပ္ပံနည်းကျစိုက်ပျိုးသော စိုက်ခင်းသို့ ရောက်ရှိပြီး ကောက်စိုက်လုံမေများ၏ တပျော်တပါး ကောက်စိုက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။(အောက်ပုံ)

စိုက်ကွင်းတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက သိပ္ပံနည်းကျ ကောက်ကွက်ပြည့်မီရေးအတွက် စနစ်တကျ

စာမျက်နှာ ၃ ကော်လံ ၁ သို့

မြကြေးမုံ The Mirror

၁- ၈ -၂၀၁၁
(တနင်္လာနေ့)

ကျဉ်းမြောင်းသော လူမျိုးစွဲ ဒေသစွဲများ ဖယ်ရှား တည်ငြိမ်အေးချမ်းဖွံ့ဖြိုးအောင် စွမ်းဆောင်

ကမ္ဘာတစ်ဝန်း၌ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများ ဖြစ်ပေါ်နေသည်။ နိုင်ငံအချို့တွင် အင်အားပြင်းငလျင်များ၊ ဆူနာမီရေလှိုင်းများ၊ မီးတောင်ပေါက်ကွဲမှုများ၊ ပြင်းထန်သည့်မုန်တိုင်းကျရောက်ခြင်းများ တွေ့ကြုံကြရသည်။ အပူလှိုင်းကျရောက်ခြင်း၊ ရေကြီးနစ်မြုပ်ခြင်း စသည့်သဘာဝဘေးအန္တရာယ်များကြောင့်လည်း လူသားများ၏ အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးပျက်စီးမှုများ ရှိခဲ့သည်။

မြန်မာနိုင်ငံတွင်လည်း ၂၀၀၈ခုနှစ်က နာဂစ်မုန်တိုင်း၊ ၂၀၁၀ ခုနှစ်ကုန်ပိုင်းတွင် ရခိုင်ပြည်နယ်၌ ဂီရိမုန်တိုင်း တိုက်ခတ်ခြင်းများကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်။ လူသားများအနေဖြင့် သဘာဝဘေးအန္တရာယ်ကို တားဆီးနိုင်စွမ်းမရှိသော်လည်း တစ်ဦးကိုတစ်ဦးအားပေးစောင့်ရှောက်ကူညီ၊ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ စည်းလုံးညီညီ လက်တွဲကြိုးပမ်းမှုများကြောင့် တွေ့ကြုံရသည့်အခက်အခဲဟူသမျှ ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ကြသည်။

ဇူလိုင်လ ဒုတိယပတ်နှင့် တတိယပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ဒေသအချို့၌ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဦးဆောင်သော ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးများ သွားရောက်၍ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေ၊ ကယ်ဆယ်ရေးပစ္စည်းနှင့် ဆေးဝါးများပေးအပ်ပြီး စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းစီမံပေးလျက်ရှိသည်။

ရခိုင်ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့နယ်အချို့တွင် ရေကြီးနစ်မြုပ်မှု၊ တောင်ကျချောင်းရေများ တိုက်စားမှုတို့ကြောင့် လမ်း၊ တံတားများ ပျက်စီးခြင်း၊ တောင်မြေပြိုကျခြင်းများဖြစ်ပေါ်ခဲ့သည်။ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဂွ၊ သံတွဲ၊ တောင်ကုတ်၊ အမ်း၊ မင်းပြား၊ မြောက်ဦး၊ ကျောက်တော်၊ စစ်တွေခရီးစဉ်အတွင်း ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးခြင်း၊ ထောက်ပံ့ငွေ၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် လိုအပ်ချက်များကို အချိန်တိုအတွင်း ပေးအပ်စီမံ ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

နိုင်ငံတော်သမ္မတသည် ရခိုင်ပြည်နယ်ရှိ ရေကြီးနစ်မြုပ်သည့် မြို့နယ်များသို့ရောက်ရှိစဉ် သက်ဆိုင်ရာပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံရာ၌ တိုင်းရင်းသားပြည်သူများ ထားရှိရမည့်သဘောထား၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝအရင်းအမြစ်များ ထိရောက်စွာအသုံးချရေး၊ စားဝတ်နေရေး ပြည့်စုံဖူလုံရုံမျှမက ပြည်တွင်း ပြည်ပသို့ပါ ထုတ်လုပ်ရောင်းချနိုင်ရန် ကြိုးစားလုပ်ကိုင်သွားရေးများကို တိုက်တွန်းမှာကြားသည်။

ရခိုင်ပြည်နယ်သည် သဘာဝသယံဇာတများပေါများသည်။ သားငါး သစ်တောထွက်ပစ္စည်း သီးနှံများ စီးပွားဖြစ်ထုတ်လုပ်နိုင်သည့် အခြေခံကောင်းများစွာရှိသည်။ ပြည်ထောင်စုကြီးအတွင်း ရေ မြေ သဘာဝ နေရာဒေသအလိုက် ရိုးရာဓလေ့အယူအဆ၊ ရိုးရာယဉ်ကျေးမှုများ ထွန်းကားလျက်ရှိသော်လည်း တူညီသည့်ယဉ်ကျေးမှုအခြေခံများကို ဝေမျှပိုင်ဆိုင်နေကြသည်။ တိုင်းရင်းသားပြည်သူများအားလုံးက ကျဉ်းမြောင်းသော လူမျိုးစွဲ ဒေသစွဲများကို ဖယ်ရှားပြီး ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် နိုင်ငံတည်ငြိမ် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းစွမ်းဆောင်သွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

မွန်ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ပြည်တွင်းအခွန်များဦးစီးဌာန မွန်ပြည်နယ်၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၂၇ ရက်က ကျင်းပရာ မွန်ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဒေါက်တာခင်မောင်သွင် အမှာစကားပြောကြားပြီး ပြည်နယ်အခွန်ဦးစီးဌာနမှူး ဦးတင်ထွန်းနိုင်က အခွန်ကောက်ခံမှုလုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားကာ မြို့နယ်အခွန်ဦးစီးဌာနမှူးများက အခွန်ကောက်ခံရရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများ တင်ပြစဉ်။

(ကြေးမုံ)

ရမည်းသင်းမြို့ ပြည်သူ့ဆေးရုံ၌ သန့်ရှင်းရေးဆောင်ရွက်

ရမည်းသင်း ဇူလိုင် ၃၁

ရမည်းသင်းမြို့ ပြည်သူ့ဆေးရုံ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးကို ယနေ့ နံနက် ၇ နာရီက ကျင်းပရာ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ဆေးရုံဝန်ထမ်းများနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ စုစုပေါင်း အင်အား ၂၀၀ ကျော်က ဆေးရုံဝင်း အတွင်း၊ အပြင် ချုံနွယ်များ ရှင်းလင်းကြကြောင်း သိရသည်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ယဉ်ကျေးလိမ္မာ ဆရာဖြစ်သင်တန်း အမှတ်စဉ်(၁/၂၀၁၁) ဆင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၃၁

မြန်မာနိုင်ငံ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာသာသနာနုဂ္ဂဟအသင်းက ကြီးမှူးဖွင့်လှစ်ခဲ့သည့် ယဉ်ကျေးလိမ္မာဆရာဖြစ်သင်တန်း အမှတ်စဉ်(၁/၂၀၁၁)ဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသုတေသနဓမ္မသဘင် ဇမ္ဗူသီရိပိမာန်တော်၌ ကျင်းပရာ အသင်းနာယက သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေက သင်တန်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အသင်းနာယက ပြည်ထောင်စုဝန်ကြီးက သင်တန်းသားခေါင်းဆောင်များအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး အသင်းဥက္ကဋ္ဌက သင်တန်းနည်းပြများအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၀၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့သည်။

သင်တန်းဆင်းပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်သည် ကမ္ဘာအေးကုန်းမြေ မိုးကုတ်ဆွမ်းစားဆောင်၌ သနန္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်ကကြီးမှူး၍ ဟိန္ဒူမိသားစုများ၏ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)တို့မှ ဆရာတော် သံဃာတော်များအား တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာသာသနာနုဂ္ဂဟအသင်းနာယက သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် ယဉ်ကျေးလိမ္မာဆရာဖြစ်သင်တန်း အမှတ်စဉ် (၁/၂၀၁၁)ဆင်းပွဲတွင် သင်တန်းသားခေါင်းဆောင်အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်စဉ်။

(သတင်းစဉ်)

ခရမ်းမြို့နယ်အာစရိယပူဇော်ပွဲ ကျင်းပရေး အကြို ညှိနှိုင်းဆွေးနွေး

ရန်ကုန် ဇူလိုင် ၃၁

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် မြို့နယ်ခန်းမရုံ၌ ဇူလိုင်၂၄ ရက် ညနေပိုင်းတွင် အကြိမ်(၂၀)မြောက် အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် အကြိုညှိနှိုင်းဆွေးနွေးပွဲ ကျင်းပသည်။**(အောက်ပုံ)**

အကြိမ် (၂၀) မြောက် ခရမ်းမြို့နယ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် ခရမ်းမြို့နယ် အာစရိယပူဇော်ပွဲ အလုပ်အမှုဆောင်အဖွဲ့က ကြီးမှူးကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

စပါးစိုက်ခင်းများအတွင်း ငါးမွေးမြူခြင်းသင်တန်း မြောင်းမြမြို့နယ်ရှိ စိုက်ပျိုးပညာပေးရေးစခန်း၌ ကျင်းပ

မြောင်းမြ ဇူလိုင် ၃၁

မြောင်းမြခရိုင်ငါးလုပ်ငန်းဦးစီးဌာနသည် ခရိုင်အတွင်းရှိ စပါးစိုက်ခင်းများအတွင်း ငါးမွေးမြူခြင်းဖြင့် လယ်ကွင်းတစ်နေရာတည်းမှာပင် စပါးနှင့် ငါးပါ တစ်ပြိုင်တည်း ရရှိနိုင်သည့် စပါးစိုက်ခင်းများအတွင်း ငါးထည့်မွေးမြူခြင်းသင်တန်းကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက မြောင်းမြမြို့နယ် ကျုံဝါးကျေးရွာရှိ စိုက်ပျိုးပညာပေးရေးစခန်း ရှင်းလင်းဆောင်၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် မြောင်းမြခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမင်းနောင်က ကျေးရွာအုပ်စု ခြောက်အုပ်စု၊ ကျေးရွာခြောက်ရွာမှ လယ်သမားကြီး ၅၀ အား ကျေးလက်ဒေသ လူမှုစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေမည့် စပါးစိုက်ခင်းများအတွင်း ငါးမွေးမြူခြင်းသင်တန်းကို ပို့ချခဲ့ကြောင်း သိရှိရသည်။**(အပေါ်ပုံ)**

(ခရိုင်ပြန်/ဆက်)

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်လေး (၉၁)လမ်းနေ ဒေါ်သန်းကြွေနှင့် မိသားစုက ကွယ်လွန်သူ ဦးတင်ညွန့်၊ သမီးကြီး ဒေါ်တင်တင်ဝင်း၊ သမီးငယ် ဒေါ်အေးအေးသန်း၊ သားကြီး ဦးနေဝင်းတို့အားရည်စူး၍ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေကျပ် ၁၅၀၀၀၀ လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေး လက်ခံယူစဉ်။ (ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၃၁-၇-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၇၆၀၀	၀. ၀၃၃၆၀
တရုတ် (ယွမ်)	၆. ၄၃၇၀၀	၀. ၁၅၅၃၅
အိန္ဒိယ (ရူပီး)	၄၄. ၂၀၀၀	၀. ၀၂၂၆၂
မလေးရှား (ရင်းဂစ်)	၂. ၉၆၆၅၀	၀. ၃၃၇၁၀
စင်ကာပူ (ဒေါ်လာ)	၁. ၂၀၃၈၀	၀. ၈၃၀၇၀
ဂျပန် (ယန်း)	၇၆. ၇၃၀၀	၀. ၀၁၃၀၃
တောင်ကိုရီးယား(ဝမ်)	၁၀၅၄. ၀၉	၀. ၀၀၀၉၅
ယူရို	၀. ၆၉၄၇၈	၁. ၄၃၉၃၀
ဗြိတိသျှ (ပေါင်)	၀. ၆၀၉၀၉	၁. ၆၄၁၈၀

အင်တာနက်။

✤ ရွှေ့ဖုံးမှ

စိုက်ပျိုးဆောင်ရွက်နေမှုနှင့် ၈ လယ် ဆုံး သိပ္ပံနည်းကျစိုက်ပျိုးခြင်းအားဖြင့် တစ်ဧက အထွက်နှုန်းတိုးတက်စေမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပျိုးပင်များကို ချက်ချင်းနုတ်၊ ချက်ချင်း စိုက်ခြင်းအားဖြင့် အပင်များ စဉ်ဆက်မပြတ် စိမ်းလန်းရှင်သန်ကြီးထွား ဖြစ်ထွန်းအောင်မြင်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးခြင်းအားဖြင့် နို့ဆီဘူးတစ်ဘူးလျှင် မျိုးစေ့ ၇၀၀၀ ခန့်မျှ ပါရှိသည့်အတွက် တစ်ဧက မျိုးစေ့လိုအပ်ချက် နို့ဆီဘူး ၂၀ သာ ကုန်ကျမှုရှိမည်ဖြစ်ကြောင်း၊ မျိုးစေ့ဖိုးကုန်ကျငွေ အထူးသက်သာရုံမျှမက အပင်များလွတ်လပ်စွာ တစ်ပင်ချင်း ရှင်သန်ကြီးထွားအောင်မြင်ခြင်းအားဖြင့် တစ်ဧက တင်း ၁၀၀ အထက် မလွဲမသွေ ထွက်ရှိနိုင်မည် ဖြစ်ကြောင်း၊ စပါးသီးနှံ တစ်ဧကအထွက်နှုန်းနှင့် အရည်အသွေး တိုးတက်ကောင်းမွန်သည်နှင့်အမျှ လယ်ပိုင်ရှင်များ ဝင်ငွေကောင်း တွက်ခြေကိုက်မည်ဖြစ်ပြီး လယ်မဲ့ယာမဲ့ လယ်ယာလုပ်သားများ၊ ကောက်စိုက်လုံမေများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ မလွဲမသွေ တိုးတက်ရရှိမည်ဖြစ်ကြောင်း၊ ကျေးလက်လယ်ယာလုပ်ငန်းခွင်တွင် အလုပ်အကိုင်အခွင့်အလမ်းများရှိနေသဖြင့် မြို့ပေါ်တက်ပြီး အလုပ်အကိုင်ရှာဖွေရသည့် ဒုက္ခမှကင်းလွတ်ကာ ကျေးရွာများ မလွဲဧကန် ဖွံ့ဖြိုးတိုးတက်စည်ပင်လာမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး ကောက်စိုက်လုံမေများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းနောက် တစ်ဧကတင်း ၁၀၀ ကျော်ထွက်ရှိရန် သေချာသည့် နွေစပါး သက်တမ်း ရက် ၁၀၀ ရှိ တစ်ဆက်တစ်စပ်တည်း ဖြစ်ထွန်းအောင်မြင်နေသော စပါးစိုက်ခင်းကို ဒက္ခိဏသီရိမြို့နယ်မှ လာရောက်လေ့လာကြသော တောင်သူများနှင့်အတူ ကြည့်ရှုအားပေးပြီး ရိတ်သိမ်းချိန် အလေအလွင့်ဆုံးရှုံးမှုမရှိအောင် တလင်းပြောင်စနစ်ဖြင့် ရိတ်သိမ်းကြရန် မှာကြားသည်။

စိုက်ခင်းအတွင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ရေကို အကျိုးရှိရှိ ထိရောက်စွာ အချိုးကျအသုံးချနိုင်မှုစနစ် ဆောင်ရွက်ထားရှိမှုကို တောင်သူများအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီး တောင်သူဦးကြီး ဦးဇေယျာထွန်းညို၏ တောင်သူပညာပေး ဧက ၄၀ စိုက်ခင်းသို့ ရောက်ရှိပြီး သက်တမ်း ရက် ၃၀ သာရှိသေးသည့် မိုးစပါးပင်ပွား ရှစ်ပင်မှ ၁၀ ပင်ထိ ဖြစ်ထွန်းနေမှုကိုလည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် အောင်သုခကျေးရွာ တောင်သူဦးကြီး ဦးစိုးတင့်၏ တောင်သူပညာပေးဧက ၃၀ စိုက်ခင်း၌ သိပ္ပံနည်းကျစနစ်ဖြင့် ပျိုးကြဲနေသော ကောက်စိုက်လုံမေများ၏ ပျိုးကြဲနေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ထို့နောက် ရန်အောင်မြင်ဘုရားအနီး တောင်သူ ဦးဝင်းမောင်၏ တောင်သူပညာပေး ၁၂ ဧက စိုက်ခင်းသို့ ရောက်ရှိပြီး ပေါင်စနစ်ဖြင့် သိပ္ပံနည်းကျပျိုးကြဲထားမှုကို ကြည့်ရှုအားပေးပြီး မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ သိပ္ပံနည်းကျ စိုက်နည်းစနစ်များနှင့် အထူးအထွက်ကောင်းမျိုးများ တောင်သူလယ်သမားများ လက်ဝယ်သို့အရောက် ဖြန့်ဖြူးပေးနိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး တောင်သူတစ်ဦးချင်း ကိုယ်တိုင်ကိုယ်ကျ ပါဝင်ကြိုးစားအားထုတ်ခြင်းအားဖြင့် အကျိုးကျေးဇူးများ၊ အခွင့်အလမ်းများ ဧကန်မုချ ခံစားရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၈-၂၀၁၁ (တနင်္လာနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
၅း၃၀	U-20 WORLD CUP 2011 COLOMBIA (Croatia Vs Saudi Arabia) LIVE
၇း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၈၂)**
၈း၀၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၂၄)**
၈း၅၅	အလှူမှာထူးကဲ ထီးဆောင်းရွာမှ သွေးလှူပွဲ
၉း၀၅	ဒေါပုံမြို့နယ်မင်းနန္ဒာစာသင်တိုက်ကြီး၏ ပဓာန နာယကဆရာတော် အရှင်ဝိသုဒ္ဓရံသီအား ရည်မှန်းပူဇော်ပွဲ
၉း၂၀	လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်
၉း၃၀	Activities In The City
၁၀း၀၀	ခုနစ်နှစ်ပြည့် MRTV-4 အစီအစဉ်များ
၁၂း၀၀	MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၈၂)**
၁၂း၄၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ "သိင်္ဂါရဆောင်းသစ္စာ"
၁း၀၀	"သွားရာလမ်းကြောင်း သိအောင်လုပ်ပါ"တရားတော် ဘဒ္ဒန္တခေမာစာရ (အောင်ခေမာဆရာတော်)
၂း၀၀	MRTV-4 သတင်း
၂း၂၀	MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၂၄)**
၃း၀၀	ခုနစ်နှစ်ပြည့် MRTV-4 အစီအစဉ်များ
၆း၀၀	MRTV-4 သတင်း
၆း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၈၃)**
၇း၀၀	MRTV-4 7th Anniversary Live Show [Day-1(Part-1)]
၈း၀၀	MRTV-4 သတင်း
၈း၃၀	သန့်ရှင်းကျန်းမာတစ်သျှူး
၈း၄၅	စကားနပန်း
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၂၅)**
၁၀း၂၀	**FIFA U-20 WORLD CUP COLOMBIA 2011 (Costa Rica Vs Spain) DELAY**
၁၂း၀၅	စံမီအရည်အသွေးဖြင့် စစ်မှန်ထူးခြားသော. . .
၁၂း၂၀	ငှက်များစောင့်ကြည့်လေ့လာခြင်း (လျှော်ကားဥယျာဉ်)
၁၂း၃၀	အောင်မြင်သူတို့ဘဝ (ကျော်ကြားသူတို့၏ အလွဲများ)
၁၂း၅၅	နေရောင်ခြည်မှသည် လျှပ်စစ်စွမ်းအင်ဆီသို့
၁း၁၀	ဖြစ်ထွန်းအောင်မြင်--- စိုက်ပျိုးဥယျာဉ်(စပျစ်)
၁း၃၀	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ကချင်တိုင်းရင်းသားရိုးရာဖက်ရှင်)
၂း၀၀	FIFA U-20 WORLD CUP COLOMBIA 2011 (Australia Vs Ecuador) DELAY
၃း၄၅	အံ့ဖွယ်တန်ခိုးတော်အဖြာဖြာ ကျောင်းတော်ရာ
၄း၀၀	စွဲမက်ဖွယ်ရာရွှေတောင်ဒေသထွက် အစားအစာ
၄း၁၀	ပရအကျိုးတို့သယ်ပိုးစို့
၄း၂၀	ထန်းပင်မှဖြစ်သည့်အနုပညာ (ထန်းပန်းချီ)
၄း၃၀	FIFA U-20 WORLD CUP COLOMBIA 2011 (Egypt Vs Panama) LIVE
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မိုးရွာသွန်းမှုကြောင့် လမ်း၊ တံတားပျက်စီးမှုများအား ပြုပြင်ထိန်းသိမ်း

နေပြည်တော် ဇူလိုင် ၃၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဇူလိုင် ၂၉ ရက်တွင် ရခိုင်ပြည်နယ် အင်ဂျင်နီယာမှူးကြီးရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံးမှ ဝန်ထမ်းများ၊ အထူးအဖွဲ့များ၊ ခရိုင်အဖွဲ့များ၊ မြို့နယ်နှင့် မြို့နယ်ခွဲများမှ ဝန်ထမ်းများအားတွေ့ဆုံ၍ မိမိတို့ပြည်နယ်အတွင်းရှိ အဆောက်အအုံ၊ လေယာဉ်ကွင်း၊ လမ်း၊ တံတားများ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရန်၊ မိုးရွာသွန်းမှုကြောင့် လမ်း၊ တံတားပျက်စီးမှုများအား ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ရန်နှင့် ဓာတ်ပုံမှတ်တမ်းများထားရှိရန်၊ လမ်းများကို ရေရှည်ကြံ့ခိုင်မှုရှိအောင် ဆောင်ရွက်သွားရန်နှင့် ပြည်နယ်အတွင်းရှိ လမ်း၊ တံတားများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားရန် စသည်ဖြင့် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ ခရိုင်ရုံးနှင့် မြို့နယ်ရုံးများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး စစ်တွေ-ရသေ့တောင်-ပုဏ္ဏားကျွန်းလမ်းအပိုင်းရှိ မင်းချောင်းတံတား ကြံ့ခိုင်မှု၊ တံတားသံပေါင်များ၊ ရက်မများနှင့် ကွန်ကရစ်တိုင်များ ကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး၏ ရေတော်မိုးတော် မိုးစပါးကွင်းပိတ်ပွဲနှင့် တိုင်းဒေသကြီးအဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၃၁

၂၀၁၁-၂၀၁၂ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး၏ ရေတော်မိုးတော် မိုးစပါးကွင်းပိတ်ပွဲ၊ တိုင်းဒေသကြီးအဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲနှင့် ၂၀၁၀-၂၀၁၁ ခုနှစ် လယ်ယာကဏ္ဍထုတ်လုပ်မှု ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် မကြီးကန်ကျေးရွာအုပ်စု ကွင်းအမှတ်(၂၉၁)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်ပြီး သိပ္ပံနည်းကျပျိုးထောင်ခြင်း သရုပ်ပြမှု၊ မြို့နယ်အလိုက် ကောက်စိုက်အသင်း ၁၀ သင်းတို့၏ ကောက်စိုက်စွမ်းရည်ယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးသည်။ ဆက်လက်၍ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး လယ်ကွင်းများအတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးကာ ဦးစီးဌာန ခုနစ်ခုနှင့် ပုဂ္ဂလိကကုမ္ပဏီသုံးခုတို့က ခင်းကျင်းပြသထားသည့် စိုက်ပျိုးရေးအသိပညာပေး ပြခန်းများ၊ လယ်ယာသုံးစက်ကိရိယာ ပြခန်းများနှင့် အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် သီးနှံစိုက်ဧရိယာများ တိုးချဲ့ရေးနှင့် အထွက်နှုန်း တိုးတက်မြင့်မားအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူများအနေဖြင့် ခေတ်မီနည်းပညာနှင့် စက်ကိရိယာများအသုံးပြုကာ လက်မှုလယ်ယာမှ စက်မှုလယ်ယာအဖြစ်သို့လည်းကောင်း၊ တစ်သီးစားမှ နှစ်သီးစားအဖြစ်လည်းကောင်း ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြစေလိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း(၈)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ပြီး ဝင်ငွေတိုးတက် ရရှိလာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ခရိုင်အလိုက် ၂၀၁၁-၂၀၁၂ ခုနှစ် ရေတော်မိုးတော် မိုးစပါးကွင်းပိတ်ပွဲ အစီရင်ခံစာများကို ခရိုင်အုပ်ချုပ်ရေးမှူးများက တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ အပ်နှံကြပြီး ၂၀၁၀-၂၀၁၁ ခုနှစ် လယ်ယာကဏ္ဍထုတ်လုပ်မှု ထူးချွန်ဆုများနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ဆုရအသင်းများ၊ ကူညီပံ့ပိုးပေးကြသော ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ရန်ကုန်တိုင်းဒေသကြီး၏ မိုးစပါးစိုက်ပျိုးရန် လျာထားဧက ၁၂ သိန်းအနက် ရေတော်မိုးတော် ဧကပေါင်း ၁၀၉၉၅၃၅ ဧက (၉၁ ဒသမ ၆၃ ရာခိုင်နှုန်း) စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် ကျန်ရှိသော ရေကြီး/ရေနက်ကွင်းမှလယ်များ ရာခိုင်နှုန်းပြည့် စိုက်ပျိုးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကော့မှူးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကွန်ပျူတာခန်းမကို ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ တိုင်းဒေသကြီး အဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ဆုရ အသင်း များ အား ဆုပေးအပ် ချီးမြှင့်စဉ်။

(သတင်းစဉ်)

ဆုတံဆိပ်ရရှိမှု ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၃၁

ဒဂုံဗျူရီကုမ္ပဏီလီမိတက်၏ နိုင်ငံတကာအရည်အသွေးဆုများ ငါးနှစ်ဆက်တိုက် ရရှိခြင်း ဂုဏ်ပြုပွဲကို ဇူလိုင် ၂၉ ရက် ည ၇ နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်စိုးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ၂၀၁၁ ခုနှစ် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ အခြေစိုက် International Institute for Quality Selections မှ ကြီးမှူးကျင်းပသည့် နှစ်(၅၀)ပြည့် Monde (World) Selection တွင် ရရှိခဲ့သည့် International High Quality Troph နှစ်ဆု၊ အထူးရွှေတံဆိပ်ဆု နှစ်ဆု၊ ရွှေတံဆိပ်ဆု နှစ်ဆုအား ဦးဆောင်ညွှန်ကြားရေးမှူးထံ တာဝန်ရှိပုဂ္ဂိုလ်များက အပ်နှံသည်။

ဆက်လက်၍ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူးက အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** နိုင်ငံတကာအရည်အသွေးဆုတံဆိပ်များ ရရှိခဲ့မှုအခြေအနေကို Brew Master Mr.CF Chan က ပြောကြားသည်။ ယင်းနောက် ဒဂုံဗျူရီကုမ္ပဏီလီမိတက်အထွေထွေမန်နေဂျာ ဦးလှမင်းတူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

(ကြေးမုံ)

ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစု အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၃၁

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစု၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက အသင်းစုရုံး၌ ကျင်းပရာ သဘာပတိအသင်းစု ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ဆွေနှင့် ဦးစီးအရာရှိတို့က အမှာစကားပြောကြားသည်။ ထို့နောက် ဒါရိုက်တာအဖွဲ့ဝင်များက လုပ်ငန်းအစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာများကို ဖတ်ကြားတင်ပြ အတည်ပြုချက်ရယူသည်။ ထို့နောက် အသင်းစုဒါရိုက်တာအဖွဲ့ဝင်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်မြင့်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ အသင်းသားစာရင်းစစ်များကို ရွေးချယ်အတည်ပြုချက်ရယူ ကတိသစ္စာပြုကြပြီး **(အောက်ပုံ)** အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

(၅၈၆)

နိုင်ငံ၏ အကျိုးစီးပွားကို ကာကွယ်ရန် လေယာဉ်တင်သင်္ဘော အနည်းဆုံးသုံးစင်းလိုအပ်ဟု တရုတ်ပြောကြား

ပေကျင်း ဇူလိုင် ၃၁

တရုတ်နိုင်ငံသည် မိမိ၏အကျိုးစီးပွားများအား ကာကွယ်ရန်အတွက် လေယာဉ်တင်သင်္ဘော အနည်းဆုံး သုံးစင်းလိုအပ်ကြောင်း တရုတ်စစ်ရေးသိပ္ပံအကယ်ဒမီမှ သုတေသနပညာရှင် ဗိုလ်ချုပ်ကြီးလျူယွန်က ဇူလိုင် ၂၉ ရက်တွင် ပြောကြားသည်။

အိမ်နီးချင်းနိုင်ငံများနှင့်ပတ်သက်၍ လေ့လာကြည့်ပါက အိန္ဒိယနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် လေယာဉ်တင်သင်္ဘော သုံးစင်းအထိ ပိုင်ဆိုင်လာမည်ဖြစ်ပြီး ဂျပန်နိုင်ငံသည်လည်း ၂၀၁၄ ခုနှစ်တွင်ပင် လေယာဉ်တင်သင်္ဘော သုံးစင်းအထိ ပိုင်ဆိုင်လာလိမ့်မည်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီးလျူယွန်က သုံးသပ်ခဲ့သည်။

သို့ဖြစ်ရာ တရုတ်နိုင်ငံ၏ အခွင့်အရေးများနှင့် ရေပြင်ပိုင်နက် အကျိုးစီးပွားများကို ကာကွယ်နိုင်ရေးအတွက် မိမိတို့အနေဖြင့် လေယာဉ်တင်သင်္ဘောသုံးစင်း အနည်းဆုံး လိုအပ်မည်ဖြစ်ကြောင်း လျူယွန်က ပြောကြားသည်။

တရုတ်နိုင်ငံတောင်ပိုင်း တာ့လျံဆိပ်ကမ်း၌ ပြင်ဆင်မွမ်းမံနေသော ဗားယက်ဂ်လေယာဉ်တင်သင်္ဘောကို တွေ့ရစဉ်။

လက်ရှိ အသစ်မွမ်းမံပြင်ဆင်နေသော ဗားယက်ဂ်လေယာဉ်တင်သင်္ဘောကို သုတေသနပြုလုပ်ရေးနှင့် လေ့ကျင့်ရေးအတွက်သာ သုံးမည်ဖြစ်ကြောင်း တရုတ်နိုင်ငံက ဇူလိုင် ၂၇ ရက်တွင် အတိအလင်း ပြောကြားခဲ့ပြီးနောက် ဗိုလ်ချုပ်ကြီးလျူယွန်၏ မှတ်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ဂျပန်နိုင်ငံက တည်ဆောက်ထားသော ရဟတ်ယာဉ်များ တင်ဆောင်၍ စစ်ဆင်ရေးပြုလုပ်နိုင်သည့် စစ်သင်္ဘောများသည် လိုအပ်ပါက လေယာဉ်တင်သင်္ဘောများအဖြစ် ပြောင်းလဲအသုံးပြုနိုင်ကြောင်း တရုတ်နိုင်ငံက ယုံကြည်ထားသည်။

ဗားယက်ဂ်လေယာဉ်တင်သင်္ဘောနှင့် ပတ်သက်၍ တရုတ်နိုင်ငံ၏ ကြေညာချက်ကို အမေရိကန်ပြည်ထောင်စုက ကြိုဆိုခဲ့ပြီး ပစိဖိတ်ဒေသအင်အားရှင်နိုင်ငံများအကြား စစ်ရေးကဏ္ဍ၌ ပိုမို၍ ထင်သာမြင်သာ ရှိလာစေရေးအတွက် ခြေလှမ်းတစ်ရပ်အဖြစ် ထောမနာပြုခဲ့သည်။

အင်တာနက်။

မွမ်ဘိုင်းအကြမ်းဖက်တိုက်ခိုက်မှု အယူခံလွှာတင်သွင်း

နယူးဒေလီ ဇူလိုင် ၃၁

၂၀၀၈ ခုနှစ်က အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ အကြမ်းဖက်တိုက်ခိုက်ခဲ့မှုအတွက် သေဒဏ်ကျခံရန်ပြစ်ဒဏ်ချမှတ်ခံခဲ့ရသူက အယူခံလွှာတင်သွင်းလာကြောင်း တရားရုံးချုပ်တာဝန်ရှိသူတစ်ဦးက ဇူလိုင် ၃၀ ရက်တွင် ပြောကြားသည်။

လူပေါင်း ၁၆၆ ဦး သေဆုံးခဲ့ရသော မွမ်ဘိုင်းအကြမ်းဖက်တိုက်ခိုက်မှု၌ အသက်မသေဘဲ တစ်ဦးတည်းကျန်ရစ်ခဲ့သူ မိုဟာမက်အဂျာမယ်အမီယာခါဆက်က ၎င်းအား သေဒဏ်ကျခံရန် ပြစ်ဒဏ်ချမှတ်ခဲ့မှုနှင့်ပတ်သက်၍ ပြစ်ဒဏ် ပြင်ဆင်ပြောင်းလဲပေးရန် တရားရုံးချုပ်သို့အယူခံဝင်ခဲ့ကြောင်း၊ ၎င်းသည် အကျဉ်းထောင်အာဏာပိုင်များမှတစ်ဆင့် အယူခံလွှာကို ပေးပို့ခဲ့ကြောင်း တရားရုံးချုပ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမီယာခါဆက်သည် ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်သားဖြစ်ပြီး ပြီးခဲ့သည့်ဖေဖော်ဝါရီလက သေဒဏ်ကျခံရန် ပြစ်ဒဏ်စီရင်ချက်ကို တရားရုံးက အတည်ပြုခဲ့သည်။

အင်တာနက်။

တောင်အာဖရိက နိုင်ငံ ကိပ်တောင်းမြို့ အတွင်း၌ လုံခြုံရေးအတွက် ကင်းလှည့်တာဝန်ထမ်းဆောင်နေသော တောင်အာဖရိက ရဲတပ်ဖွဲ့ဝင်များ။

ဒုစရိုက်သမားများအား လက်ဦးမှုယူပစ်ခတ်ရန် ရဲတပ်ဖွဲ့ဝင်များကို တောင်အာဖရိက ရဲချုပ်ပြောကြား

ဂျိုဟန်နက်စဘတ် ဇူလိုင် ၃၁

လက်နက်ကိုင်ဆောင်ထားသော ဒုစရိုက်သမားများနှင့် ရင်ဆိုင်ရပါက မိမိကိုယ်မိမိ ကာကွယ်သည့်အနေဖြင့် လက်ဦးမှုယူပစ်ခတ်ရှင်းလင်းကြရန် ရဲတပ်ဖွဲ့ဝင်များအား တောင်အာဖရိကနိုင်ငံရဲချုပ် ဘီကီစီလီက တနင်္ဂနွေနေ့တွင် သတိပေးမှာကြားခဲ့သည်။

ဂျိုဟန်နက်စဘတ်မြို့တော် အရှေ့ပိုင်း၌ တာဝန်ထမ်းဆောင်စဉ် ဒုစရိုက်သမားများ၏ လက်ချက်ကြောင့် သေဆုံးခဲ့ရသော ရဲတပ်ဖွဲ့ဝင်နှစ်ဦး၏ ဈာပနအခမ်းအနားတွင် တောင်အာဖရိကနိုင်ငံ ရဲတပ်ဖွဲ့အကြီးအကဲက အထက်ပါအတိုင်း သတိပေးလိုက်ခြင်းဖြစ်သည်။

ဒုစရိုက်သမားတစ်ဦးဦးက မိမိအားသေနတ်ဖြင့် ချိန်လာပါက ၎င်းကိုင်တွယ်ထားသည့်အရာသည် ကင်မရာ မဟုတ်သောကြောင့် ပြုံးပြစရာမလိုဘဲ မိမိကိုယ်မိမိကာကွယ်ရေးအတွက် လက်ဦးမှုရယူပစ်ခတ်ရန် ရဲချုပ် ဘီကီစီလီက မှာကြားခဲ့ကြောင်း တောင်အာဖရိကနိုင်ငံထုတ် ဆန်းဒေးတိုင်းမ်သတင်းစာတွင် ဖော်ပြထားသည်။

တောင်အာဖရိကရဲတပ်ဖွဲ့(အက်စ်အေပီအက်စ်)သည် ရက်သတ္တတစ်ပတ်ကုန်တိုင်း သေဆုံးခဲ့ရသည့် ရဲတပ်ဖွဲ့ဝင်များအား မြှုပ်နှံသင်္ဂြိုဟ်ပေးနေရသည့် နာရေးအသင်းမဟုတ်ကြောင်း၊ ဒုစရိုက်သမားများအား ပြတ်ပြတ်သားသား ရင်ဆိုင်တိုက်ခိုက်သွားရန်လိုကြောင်း ရဲချုပ် ဘီကီစီလီက ပြောကြားခဲ့သည်။

တောင်အာဖရိကနိုင်ငံ၌ ယခုနှစ်အတွင်း ရာဇဝတ်မှုများ တိုးမြင့်ဖြစ်ပေါ်လျက်ရှိရာ ဇန်နဝါရီလမှစ၍ ယနေ့အထိ ဒုစရိုက်သမားတို့၏ လက်ချက်ကြောင့် ရဲတပ်ဖွဲ့ဝင်အနည်းဆုံး ၅၆ ဦး သေဆုံးခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။ **အေအက်ဖ်ပီ။**

အက်စစ်ဖြင့်အပက်ခံခဲ့ရသူ အီရန်အမျိုးသမီး ပြစ်မှုကျူးလွန်ခဲ့သူအား ချမ်းသာခွင့်ပေး

တီဟီရန် ဇူလိုင် ၃၁

အက်စစ်ဖြင့်အပက်ခံခဲ့ရခြင်းကြောင့် စက္ခုအာရုံများ ဆုံးရှုံးခဲ့ရသူ အီရန်အမျိုးသမီးတစ်ဦးသည် ၎င်းအား အက်စစ်ဖြင့်ပက်ခဲ့သူ အမျိုးသားအား ပြစ်ဒဏ်ချခါနီးဆဲဆဲ၌ ခွင့်လွှတ်ကျေအေးပေးခဲ့ကြောင်း အီရန်သတင်းဌာနများက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

အမီနာဘာရာမီဆိုသူ အမျိုးသမီး**(ယာပုံ)**သည် အမျိုးသားတစ်ဦး၏ လက်ထပ်ခွင့်တောင်းခံမှုကို ငြင်းပယ်ခဲ့ရာ ၎င်းအမျိုးသားက အက်စစ်ရည်ဖြင့် ပက်ခဲ့ခြင်းကြောင့် ၂၀၀၄ ခုနှစ်တွင် အမြင်အာရုံ ဆုံးရှုံးခဲ့ရသည်။

အချစ်ကြီး၍ အမျက်ကြီးခဲ့ရသူ မာဂျစ်မိုဟာဗီဒီဆိုသူ အမျိုးသားအား အစ္စလာမ္မစ်တရားဥပဒေပါ ကျူးလွန်ခဲ့သည့် ပြစ်မှုအတိုင်း ပြစ်ဒဏ်ပြန်လည်ပေးဆပ်ရမည်ဟူသော စည်းမျဉ်းအရ စက္ခုနှစ်ကွင်းကို ဖျက်ဆီးပစ်ရန် အီရန်တရားရုံး တစ်ရုံးက ၂၀၀၈ ခုနှစ်တွင် အမိန့်ချမှတ်ခဲ့သည်။

မိမိအား အက်စစ်ဖြင့်ပက်၍ ဘဝတုံးအောင်လုပ်ဆောင်ခဲ့သူ မိုဟာဗီဒီကို တူညီသည့်ပြစ်ဒဏ်ချမှတ်နိုင်ရန် ခုနစ်နှစ်လုံးလုံး ကြိုးပမ်းခဲ့ကြောင်း၊ သို့ရာတွင် ယခုအချိန်၌ ၎င်းအားခွင့်လွှတ်ရန် မိမိဆုံးဖြတ်ခဲ့ကြောင်း အမီနာက ပြောကြားခဲ့သည်။

မိမိတို့၏အမှုအား နိုင်ငံတကာက စိတ်ဝင်တစားစောင့်ကြည့်နေခြင်းသည်လည်း မိုဟာဗီဒီအား တူညီသောပြစ်ဒဏ်ချမှတ်ရေးတောင်းဆိုမှုကို ရုပ်သိမ်းရန်ဆုံးဖြတ်ခဲ့ရသည့်အကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း အမီနာက ပြောကြားခဲ့သည်။

ကျူးလွန်ခဲ့သည့် ပြစ်မှုအတိုင်း ပြစ်ဒဏ်ပြန်လည်ပေးဆပ်ရမည်ဟူသော ကီဆက်စ်ခေါ် အစ္စလာမ္မစ်ဥပဒေကို အီရန်နိုင်ငံက လူသတ်မှုကဲ့သို့သော ရာဇဝတ်မှုများတွင်လည်း အသုံးပြုသည်။ ယင်းဥပဒေအရ အသတ်ခံရသူ၏ မိသားစုများသည် ပြစ်မှုကျူးလွန်သူအတွက် သေမိန့်တောင်းခံနိုင်ပြီး လျော်ကြေးရယူခြင်းဖြင့်လည်း ကျေအေးနိုင်သည်။ **အင်တာနက်။**

ရုရှားရေတပ်မတော်နေ့ အခမ်းအနားတွင် တရုတ်စစ်ရေယာဉ်များ ပါဝင်ဆင်နွှဲ

ဗလာဒီဗော့စတော့ ဇူလိုင် ၃၁

ရုရှားနိုင်ငံအရှေ့ဖျားရှိ ဗလာဒီဗော့စတော့ ဆိပ်ကမ်းမြို့တွင် ကျင်းပသော ရုရှားရေတပ်မတော်နေ့ အခမ်းအနား၌ တရုတ်ရေတပ် စစ်ရေယာဉ်နှစ်စင်း ပါဝင်ဆင်နွှဲလျက်ရှိကြောင်း ရုရှားပစိဖိတ်ရေတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

တရုတ်ရေတပ်မှ ဖရီးဂိတ်သင်္ဘော လျိုယောင်းနှင့် လေ့ကျင့်ရေးရေယာဉ်ကျန်းဟီတို့သည် ဗလာဒီဗော့စတော့ ဆိပ်ကမ်းသို့ ဇူလိုင် ၂၉ ရက်က ရောက်ရှိလာခဲ့ရာ ရုရှားရေတပ်မှ ဖျက်သင်္ဘော အက်ဒ်မီရယ် ဗီနိုဂရာဒေါ့ဗ်က အိမ်ရှင်အဖြစ် လက်ခံကြိုဆိုခဲ့သည်။

ဇူလိုင် ၃၀ ရက်တွင် ရုရှား ပစိဖိတ်ရေတပ်ဖွဲ့က ကျင်းပသော အထိမ်းအမှတ်အခမ်းအနားဖြစ်သည့် အမိမြေကို ကာကွယ်ရင်း ကျဆုံးခဲ့ရသော ရုရှားရေတပ်သားများအား ဂုဏ်ပြုပွဲသို့ တရုတ်စစ်ဘက်ကိုယ်စားလှယ်အဖွဲ့က တက်ရောက်ပန်းခွေချခဲ့သည်။

ဆွေးနွေးမည်

ရုရှားနှင့် တရုတ်ရေတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၃၁ ရက်တွင် ယဉ်ကျေးမှုနှင့် အားကစားဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ လုပ်ဆောင်ကြမည်ဖြစ်ပြီး တရားဝင်နှင့် အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုများကိုလည်း ပြုလုပ်ကြမည်ဟု ရုရှားရေတပ်မှ ကပ္ပတိန်ရိုမန်မာတော့ဗ်က ပြောကြားသည်။

တရုတ်စစ်ရေယာဉ်များသည် ၂၀၀၈ ခုနှစ်က နောက်ဆုံးအကြိမ်အဖြစ် ဗလာဒီဗော့စတော့သို့ လာရောက်လည်ပတ်ခဲ့သည်။

အင်တာနက်။

နို့ထိန်းသည်လေး ချင်ပန်ဇီ

ထိုင်းနိုင်ငံမှ တိရစ္ဆာန်ဥယျာဉ်တစ်ခုတွင် ချင်ပန်ဇီမျောက်ငယ်တစ်ကောင်သည် ကျားပေါက်ငယ်လေးတစ်စုအတွက် ယုံရခက်သော အစားထိုးမိခင်ဖြစ်လာသည်။

အသက်နှစ်နှစ်ခွဲသာရှိသေးသည့် ဒိုဒိုအမည်ရှိ ချင်ပန်ဇီကလေးကို ကျားသားပေါက်ကလေးများအား နို့ဘူးတိုက်ကျွေးတတ်စေရန် လေ့ကျင့်ပေးထားပြီး ၎င်းအနေဖြင့် ကျားသားပေါက်ကလေးများအတွက် နို့ထိန်းမိခင်အလုပ်ကို တစ်နှစ်နီးပါးမျှ လုပ်နေခဲ့ပြီးဖြစ်သည်။

တိရစ္ဆာန်ထိန်းသိမ်းသူများ၏ အဆိုအရ ကျားပေါက်ကလေးများသည် မျှားမကြာမီတွင် အရွယ်ရောက်လာတော့မည်ဖြစ်ပြီး ချင်ပန်ဇီလေးဒိုဒိုနှင့် ခွဲခွာရတော့မည်ဖြစ်သည်။ အင်တာနက်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား အိန္ဒိယသမ္မတနိုင်ငံ Blue Ocean Global Private Limited, Indore မှ Managing Director Mr.Ajay Shastry နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝါနှင့်ပိုးချည်လုပ်ငန်း၏ လက်ရှိဝါကြိတ်စက်ရုံများ အဆင့်မြှင့်တင်ရေးကိစ္စရပ်များ လာရောက်ဆွေးနွေး

နေပြည်တော် ဇူလိုင် ၃၁

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား အိန္ဒိယသမ္မတနိုင်ငံ Blue Ocean Global Private Limited, Indore မှ Managing Director Mr.Ajay Shastry နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း၊ ဝါနှင့်ပိုးချည်လုပ်ငန်းဌာန၏ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်ရှိဝါကြိတ်စက်များအား အဆင့်မြှင့်တင်ရေး၊ ဝါကြိတ်စက်ရုံနှင့်ဆက်စပ်သော ဆီကြိတ်စက်၊ ဆီသန့်စက်များကို BOT (Build Operate and Transfer)စနစ် အခြေခံ၍ တည်ဆောက်ရေးတို့အတွက် နှစ်ဦးနှစ်ဖက် အကျိုးခွဲဝေခံစားခြင်း (Product Sharing) ဖြင့် ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့် ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ကမ်းရိုးတန်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၃၁

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၅	၂၆	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၂	ကယားပြည်နယ်	၃၂	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်(နေရာကွက်၍မိုးကြီးနိုင်)	၈၀%
၃	ကရင်ပြည်နယ်	၃၀	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်(နေရာကွက်၍မိုးကြီးနိုင်)	၈၀%
၄	ချင်းပြည်နယ်	၂၅	၁၄	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၃၂	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၉	၂၇	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၆	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်(နေရာကွက်၍မိုးကြီးနိုင်)	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၁	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်(နေရာကွက်၍မိုးကြီးနိုင်)	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၆	၂၈	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၇	၂၈	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၈၀%
၁၁	မွန်ပြည်နယ်	၃၁	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်(နေရာကွက်၍မိုးကြီးနိုင်)	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၃	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်(နေရာကွက်၍မိုးကြီးနိုင်)	၈၀%
၁၃	ရခိုင်ပြည်နယ်	၃၀	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၇	၂၀	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၂	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၃	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၀	၂၆	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၅	၂၆	နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၃	၂၄	မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၇	၂၈	နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်	၈၀%

ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

BCB Centre မှ စီမံခန့်ခွဲမှုသင်တန်း အပိုင်း(၂) ဖွင့်လှစ်မည်

ရန်ကုန် ဇူလိုင် ၃၁

MBA ဘွဲ့ရ စီးပွားရေးလုပ်ငန်းရှင်များ ဖွဲ့စည်းထားသည့် Myanmar Business Executives Association (MBE)က တည်ထောင်ထားသော စီးပွားရေး စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကျောင်း Business Capacity Building (BCB)Centre မှ စီးပွားရေးစီမံခန့်ခွဲမှုသင်တန်း အပိုင်း(၂) Business Management Course (Part-II) သင်တန်းကို ဩဂုတ်လ ပထမပတ်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်ကြားမှုတွင်လည်း ဘာသာရပ်ဆိုင်ရာနယ်ပယ်မှ အတွေ့အကြုံရှိ ဝါရင့်ဆရာ၊ ဆရာမများနှင့် အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်ကြီးများက စနစ်တကျ သင်ကြားပေးမှုနှင့်အတူ လုပ်ငန်းအတွေ့အကြုံများကို ဆွေးနွေးဖလှယ်ခြင်း၊ လုပ်ငန်းခွင်အခက်အခဲများအား ဝိုင်းဝန်းကူညီ ဖြေရှင်းပေးခြင်းလည်း ပါဝင်မည်ဖြစ်သည်။ ထို့အပြင် သင်တန်းတက်ရောက်နေစဉ်နှင့် သင်တန်းတက်ရောက်ပြီးသူများအတွက် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်လိုသူများအတွက် လိုအပ်သော အကူအညီများ အခမဲ့ ကူညီပေးသွားမည်ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး သင်တန်းချိန်ကို မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ စနေနှင့် တနင်္ဂနွေနေ့များတွင် စီစဉ်ထားသည်။ သင်ကြားမှုထိရောက်စေရန် သင်တန်းသားဦးရေကန့်သတ်ထားသည်။

စိတ်ဝင်စားသူများအနေဖြင့် BCB Centre တည်ရှိရာ အခန်း (၁၀၆) ပန်းခြံတာဝါ အမှတ်(၈) ဗားဂရာလမ်းနှင့် ဓမ္မစေတီလမ်းထောင့် မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၈၅၃၁၊ ၅၃၈၅၁၇၊ E-mail: bcbcentre @ mptmail.com.mm, bcbcentre 009 @ gmail.com တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြို့နယ်တစ်ခွင် သာယာစည်ပင်

မြောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ပေါ်မူလတန်းကျောင်းလေးကျောင်း၌ ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမျိုးမင်းထွန်းနှင့် မြို့နယ်လက်ထောက်ပညာရေးမှူး ဦးဘိုထွေးတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဖျာပုံမြို့နယ် အမာမြို့ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဇူလိုင် ၁၅ ရက် နံနက်က မြို့အဝင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ရာ မြို့နယ်ခွဲတာဝန်ခံ ဒုတိယဦးစီးမှူး ဦးကျော်ကျော်နိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇေယျာလင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ၏ ကြီးကြပ်မှုဖြင့် အဖွဲ့ဝန်ထမ်းများက ဇူလိုင် ၁၂ ရက်တွင် တောကျွဲအင်းမြို့ လေးလမ်း လမ်းဘေး ဝဲ၊ ယာ ရေမြောင်းများ ဆယ်တင်ခြင်းနှင့် ချုံနွယ်ပေါင်းမြက်များ စုပေါင်းရှင်းလင်းကြစဉ်။ (မြို့နယ်စည်ပင်)

ပလက်ဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကမ်းနားလမ်းသစ် ကွန်ကရစ်ရေပြွန် (Box-Culvert) ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမောင်ဝင်းလှိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မာန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် ဗိုလ်ချုပ်လမ်းနှင့် လမ်းသစ်လမ်းဆုံ ကွန်ကရစ်တံတား ရေပြွန်ဆောက်လုပ်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးဦးစောထွန်း ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဆေးပညာသတင်းဆန်းများ (၁၇)

ဒေါက်တာကံညွန့်

ဒီတစ်ပတ် ဆေးပညာသတင်းဆန်းများ အစီရင်ခံခြင်းကိုတော့ အရက်သောက်ခြင်းအကြောင်းနှင့် စရအောင်ပါ။ လေ့လာချက်တွေမှာ ယခင်က တစ်ခါမှ မဖော်ပြခဲ့ဖူးတဲ့ အရက်ဟာ အလွန်သောက်ခဲ့ရင် ကင်ဆာရောဂါကို အလွယ်တကူ ဖြစ်စေတယ်ဆိုတဲ့ တွေ့ရှိချက်ပါ။

အင်္ဂလန်နိုင်ငံနှင့် ဥရောပတစ်ခွင်က ကင်ဆာဝေဒနာရှင် ၃၀၄၀၀၀ အထဲက အရက်နဲ့ ပတ်သက်တဲ့ ကင်ဆာဝေဒနာရှင်ပေါင်း ၁၃၀၀၀ ကို ၂၀၀၈ ခုနှစ်က စတင်လေ့လာသုတေသနပြုပြီး ပေါ်ထွက်လာတဲ့ စာတမ်းပါ။ ၎င်းကို British Medical Journal မှာ ဖော်ပြထားပါတယ်။

ယခင်တွေ့ရှိချက်တွေက အရက်ဟာ အစာအိမ်လမ်းကြောင်း ကင်ဆာ၊ အသည်းကင်ဆာ၊ အူမကြီးကင်ဆာနှင့် အမျိုးသမီးတွေမှာ ရင်သားကင်ဆာတို့ကို ဖြစ်စေတယ်ဆိုတာ တင်ပြခဲ့ပါပြီ။

ယခုလေ့လာချက်အသစ်တွေအရ အရက်ဟာ ကိုယ်ခန္ဓာထဲ ရောက်သွားတာနဲ့ ချေဖျက်ခံရပြီး Chemical တစ်ခုထွက်လာ စေတယ်လို့ဆိုပါတယ်။ ယင်း Chemical ဟာ လူခန္ဓာကိုယ်ရဲ့ DNA ကို ပျက်စီးစေနိုင်ပြီး ကင်ဆာရောဂါကို ဖြစ်ပွားစေတာလို့ သိရပါတယ်။ ယခုတွေ့ရှိချက်အရ ယောကျ်ားကင်ဆာဝေဒနာရှင် ၁၀ ယောက်မှာ တစ်ယောက်ဟာ အရက်ကြောင့်ဖြစ်ရပြီး အမျိုးသမီးကင်ဆာဝေဒနာရှင် ၃၃ ယောက်မှာ တစ်ယောက်ဟာ အရက်ကြောင့် ဖြစ်ရတယ်လို့ ဆိုပါတယ်။

အရက်သောက်သုံးသူ အမျိုးသားသုံးဦးမှာ တစ်ဦး ကင်ဆာဖြစ်နိုင်ပြီး အမျိုးသမီးသောက်သုံးသူ ၂၀ ဦးမှာ တစ်ဦးဟာ ကင်ဆာဖြစ်နိုင်တယ်လို့ ဆိုပါတယ်။ သူတို့အဆိုအရ 12 gram of Alchol သို့မဟုတ် 125 ml glass of wine သို့မဟုတ် ဘီယာ ½ ပိုင့်ကို အမျိုးသားတွေမှာ တစ်နေ့ကို နှစ်ကြိမ်ထက်ပိုသောက်လျှင် အမျိုးသမီးတွေမှာ တစ်နေ့ကို တစ်ကြိမ်ထက်ပိုသောက်လျှင် အန္တရာယ်ရှိနိုင်ကြောင်း ယင်းလေ့လာချက်မှာ ဖော်ပြထားပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကလည်း အရက်နှင့်ပဲ ပတ်သက်ပါတယ်။ ကိုယ်ဝန်ဆောင် အမျိုးသမီးတွေဟာ ကိုယ်ဝန်ရှိစဉ် အရက်ကို အလွန်အကျွံသောက်သုံးပါက FAS လို့ခေါ်တဲ့ Foetal Alcohol Syndrome ခေါ် (အရက်ကြောင့်ဖြစ်တဲ့ ကလေးရောဂါစု)ကို ခံစားရနိုင်တယ်ဆိုတဲ့ သတင်းပါ။ ဒီလေ့လာချက်ကို အမေရိကန်နိုင်ငံ University of California, San Francisco က ဆေးသိပ္ပံပညာရှင်တွေက လေ့လာခဲ့ကြတာဖြစ်ပြီး AAAS ခေါ်တဲ့ American Association for the Advancement of Science အဖွဲ့ကြီးက ဖော်ပြထားတာ ဖြစ်ပါတယ်။

အဲဒီကလေးရောဂါစုထဲမှာ ကလေးရဲ့ ဦးနှောက်ဖွံ့ဖြိုးမှု၊ နှေးကွေးမှု၊ မှတ်ဉာဏ်အသိဉာဏ် မဖွံ့ဖြိုးမှုနှင့် ကလေးအမူအယာ မမှန်မှုတို့ ပါဝင်နေတယ်လို့ ဆိုပါတယ်။ ဒါဟာ ဦးနှောက်ဖွံ့ဖြိုးမှုနဲ့ ပတ်သက်ပြီး Genetic and Molecular Study ပြုလုပ်ပြီး သိရှိခဲ့တာလို့ ဆိုပါတယ်။ ၎င်းပြင် အဲဒါဟာ ယခင်က တွေ့ရှိပြီးဖြစ်တဲ့ Alcohol ဟာ Insulin ဓာတ်ရဲ့ လုပ်ငန်းတွေကို အနှောင့်အယှက်ပြုတာကြောင့်ဖြစ်ပြီး ဦးနှောက်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေတာဖြစ်တယ်လို့ သိရပါတယ်။

ဒါကြောင့် မိခင်လောင်းများ ကိုယ်ဝန်ဆောင်နေစဉ်မှာ တတ်နိုင်သလောက် အရက်ကိုအလွန်အကျွံမသောက်မိအောင် ထိန်းထိန်းသိမ်းသိမ်းနေကြဖို့ တိုက်တွန်းလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းကတော့ အမျိုးသားတွေနဲ့ အမျိုးသမီးတွေမှာ ဖြစ်တတ်တဲ့ ရေယုံရောဂါ (Herpes or Shingle) ရောဂါအကြောင်းပါ။ ဒီရောဂါကို ဖြစ်စေတဲ့ Varicella Zoster Virus ကြောင့် ဖြစ်တတ်တဲ့ Chickenpox ရောဂါကို ကာကွယ်ပေးနိုင်တဲ့ Vaccine ကို အမေရိကန်နိုင်ငံ FDA က အတည်ပြုပေးလိုက်ပြီဆိုတဲ့ သတင်းပါ။ဒီရောဂါတွေဟာ အသက်ကြီးတဲ့လူတွေမှာ လိင်အင်္ဂါရေယုံရောဂါအသွင်ဖြင့် အဖြစ်များတတ်တာမို့ အမေရိကန်နိုင်ငံက အသက် (၆၀) နှင့် (၆၀)ကျော်သူတွေကို ထိုးဖို့ နှိုးဆော်ထားပါတယ်။

ဒီဆေးနာမည်က Zostavax လို့ ခေါ်ပြီး အမေရိကန်နိုင်ငံတစ်ဝန်း အသက် (၅၀)ကျော် (၆၀)အရွယ်ရှိသူတွေထဲက လူပေါင်းနှစ်သိန်းခန့် ခံစားနေရတဲ့ ရောဂါပါ။ ဒီရောဂါဟာ ပထမအကြိမ်မှာ Chicken Pox ရောဂါအနေနဲ့ သာမန်မျှသာ ဖြစ်တတ်ပြီး ဒီရောဂါပိုး Virus ဟာ အာရုံကြောတစ်ခုမှာ ငြိတွယ်ခိုအောင်းနေပြီး လူ့ကိုယ်ခံအားကျတဲ့ အချိန်မှာ လိင်အင်္ဂါတွေမှာ ပြင်းထန်တဲ့ လက္ခဏာတွေနဲ့ ပြန်ပေါ်တတ်တဲ့ ရောဂါပါ။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ချောကလက်အနက်ရောင် (Dark Chocolate) စားသုံးခြင်းဟာ နှလုံးရောဂါကို အတော်အသင့်ကာကွယ်နိုင်တယ်ဆိုတဲ့ သတင်းပါ။ ယင်းချောကလက်မှာပါတဲ့ Cocoa ဟာ သွေးကြောကျဉ်းတာကို ကာကွယ်နိုင်ပြီး သွေးပေါင်ချိန်ကျစေကာ သွေးထဲရှိ Cholestrol ဓာတ်ကိုလည်း နည်းစေနိုင်ပြီး ဆီးချိုရောဂါကိုလည်း ကာကွယ်နိုင်တယ်လို့ လေ့လာချက်မှာ ဖော်ပြထားပါတယ်။

ဒီလေ့လာချက်ကို University of Texas, South Western Medical Centre of Dallas က ဆေးပညာရှင်တွေက လူပေါင်း ၂၅၇၅ ဦးကို အဆင့်မြင့်လေ့လာမှုပေါင်း ၂၁ ခု ပြုလုပ်လေ့လာခဲ့ကြတာလို့ သိရပါတယ်။

နောက်တင်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ မိခင်နို့ဟာ အထွက်များနေရင် ယင်းမိခင်နို့ဓာတ်သဘာဝ မပျက်စီးအောင် သိမ်းဆည်းထားနိုင်တယ်ဆိုတဲ့သတင်းပါ။ သန့်ရှင်းစင်ကြယ်တဲ့ ပုလင်းမှာ အပေါ်က တစ်လက်မလောက်ချန်ထားပြီး နို့ကို တိုက်ရိုက်ညှစ်ထည့်ရပါမယ်။ နောက်ပြီး အဖုံးကို လေလုံအောင်ပိတ်ပြီး ရေခဲသေတ္တာရဲ့ ရေခဲခန်းမှာ ထားမယ်ဆိုရင် နှစ်ပတ်ကြာအောင် ထားနိုင်ပါတယ်။

Deep Freezer မှာ သုည ဒီဂရီဖာရင်ဟိုက် အအေးဓာတ်နဲ့ ထားမယ်ဆိုရင်တော့ လေးလကြာအောင် သိမ်းဆည်းထားနိုင်ပါတယ်။ Freezer နဲ့ ထားရင် အဖုံးနဲ့ဝေးတဲ့ အထဲဘက်နေရာမှာ ထားဖို့လိုပါတယ်။ တကယ်လို့ နို့ဟာ ခဲနေရာက အရည်ပျော်သွားတာကို တွေ့ရရင် ၂၄ နာရီအတွင်း အသုံးပြုပစ်ရပါမယ်။

ခဲနေတဲ့ ယခင် သိမ်းထားပြီး နို့ရေထဲကို နောက်ထပ် အသစ် နို့ရည်မထည့်ရပါဘူး။ ဒီအတိုင်း မိခင်နို့ရည်ကို သဘာဝဓာတ်ငွေ့မပျက်အောင် သုံးနိုင်ကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းကတော့ ပဲအမျိုးမျိုးရှိတဲ့ အထဲမှာ ပဲတိုင်းလိုလို သူ့အာဟာရနဲ့သူ ပြည့်ပြည့်ဝဝရှိကြပါတယ်။ ဒါပေမယ့် ဒီအထဲက (Walnut) ခေါ်တဲ့ သစ်ချစေ့ပဲမျိုးကတော့ အာဟာရအပြည့်ဝဆုံးနဲ့ စားသုံးရန် အသင့်တော်ဆုံးပဲလို့ အမေရိကန်နိုင်ငံက လေ့လာချက်တစ်ခုက တင်ပြထားပါတယ်။ (၂၄၁)ကြိမ်မြောက် National Meeting of American Chemical Society မှာ တင်ပြတဲ့ ဒီစာတမ်းမှာ တခြားပဲအမျိုးမျိုးတွေနဲ့ ယှဉ်ပြီး လေ့လာလိုက်တဲ့အခါ ဒီ Walnut မှာပါတဲ့ Antioxidant ဓာတ်က ပိုမိုအဆင့်မြင့်ပြီး Protein, Vitamin and Mineral ဓာတ်တွေအပြင် Dietary Fibre ဓာတ်တွေပါ ပါဝင်နေတယ်လို့ ဆိုပါတယ်။ ဒါကြောင့် သစ်ချစေ့ခေါ်တဲ့ (Walnut) ကို နေ့စဉ်စားသုံးကြဖို့ တိုက်တွန်းလိုက်ရပါတယ်။

အခုဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ကိုယ်ခန္ဓာထဲမှာ ကင်ဆာရောဂါတစ်ခုခု ရှိ၊ မရှိကို သာမန် သွေးဖောက်စစ်ဆေးခြင်းဖြင့် ခန့်မှန်းနိုင်တော့မယ်ဆိုတဲ့သတင်းပါ။ CTC လို့ခေါ်တဲ့ သွေးထဲမှာရှိတဲ့ Circulating Tumour Cell ကို စစ်ဆေးတဲ့နည်းပါပဲ။ ခန္ဓာကိုယ်ထဲမှာရှိနေတဲ့ သွေးထဲက Tomour ရဲ့ အင်မတန်သေးငယ်တဲ့ အပိုင်းအစလေးတွေကို စစ်ဆေးတာဖြစ်ပါတယ်။ ဒါကို အမေရိကန်နိုင်ငံ Massachusetts ဆေးရုံက ဆရာဝန်တစ်စုက လေ့လာဖော်ထုတ်ခဲ့တာလို့ သိရပါတယ်။ ဒီ CTC စမ်းသပ်နည်းကို Liquid Biopsy လို့ အမည်ပေးထားပြီး ယခင်ကလို အသားစကို ခွဲစိတ်လှီးထုတ် စမ်းသပ်စရာမလိုဘဲ ကင်ဆာရောဂါရဲ့ အခြေအနေတချို့ကို သိနိုင်တော့မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

နောက်တင်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ ဖွံ့ဖြိုးဖို့ အားယူဆဲနိုင်ငံတစ်ခုဖြစ်တဲ့ ကျူးဘားနိုင်ငံက ဆေးပညာရှင်တွေရဲ့ အားထုတ်မှုသတင်းဖြစ်ပါတယ်။ ၎င်းတို့ဟာ Nanotechnology ကို အသုံးပြုပြီး ကင်ဆာရောဂါတိုက်ဖျက်ရေးဆေးတွေကို ထုတ်လုပ်နိုင်တော့မယ်လို့ ကြေညာလိုက်ကြပါတယ်။ ၎င်းတို့ဟာ ကင်ဆာရောဂါကို ကုသရာမှာ Targeted Medicine ခေါ်တဲ့ ကင်ဆာအဖုအကျိတ်ကိုသာ ပစ်မှတ်ထားကုသနိုင်မယ့်ဆေးကို Nano နည်းပညာအသုံးပြုပြီး ဖော်ထုတ်မယ်လို့ CEAC ခေါ်တဲ့ Centre for Advanced Studies နဲ့ ကျူးဘားကို ဦးဆောင်နေသူ ယခင်နိုင်ငံခေါင်းဆောင် ဖိဒယ်ကတ်စထရိုရဲ့သားကြီး သိပ္ပံပညာရှင် ဖိဒယ်ကပ်ထရိုဒီယာဘာလတ်က ပြောကြားလိုက်ပါတယ်။

ဒီလိုပြောကြားပြီး မရှေးမနှောင်းမှာပဲ ၎င်းတို့ဟာ အဆုတ်ကင်ဆာကို ကာကွယ်နိုင်တဲ့ ကာကွယ်ဆေးတစ်မျိုးကို ထုတ်လုပ်နိုင်ပြီလို့ ကြေညာခဲ့ကြပါတယ်။ ၎င်းဆေးအမည်ကတော့ CIMAVAX-EGF ဖြစ်ပြီး အခုအချိန်မှာ ၎င်းဆေးဖြင့် လူနာပေါင်း ၁၀၀၀ ကို အောင်မြင်စွာ ကုသပေးနိုင်ခဲ့ပြီလို့ ကြေညာလိုက်ပါတယ်။ ဒီဆေးကို ထုတ်လုပ်ဖို့ ၁၅ နှစ်ကြာအောင် သုတေသနပြုလုပ်ခဲ့တယ်လို့ ဆိုပါတယ်။ ဒီသတင်းနဲ့ပဲ ယခုအပတ် ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ပါတယ်။ ။

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း စစ်တွေမြို့ အော်တိုအိတ်ချိန်းတယ်လီဖုန်းစခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စစ်တွေမြို့ ဆက်သွယ်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီးစစ်ဆေး မိုဘိုင်းတယ်လီဖုန်းစနစ် တိုးချဲ့တပ်ဆင်ရေးလုပ်ငန်းများ ဆွေးနွေးမှာကြား

နေပြည်တော် ဇူလိုင် ၃၁

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းသည် ဇူလိုင် ၂၉ ရက် မွန်းလွဲပိုင်းတွင် စစ်တွေမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရခိုင်ပြည်နယ် မန်နေဂျာရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံကာ နိုင်ငံတော်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ် (၈)ရပ်တွင် မိမိတို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန အနေဖြင့် ပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ လက်ရှိ ဝန်ကြီးဌာနက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် မိုဘိုင်းတယ်လီဖုန်းစနစ် တိုးချဲ့တပ်ဆင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် အော်တိုအိတ်ချိန်းတယ်လီဖုန်းစခန်း၊ ပြည်နယ်ကြေးနန်းစခန်း၊ မိုက္ကရိုဝေ့ဗ်စခန်းနှင့် စစ်တွေမြို့စာတိုက်ကြီးတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ကဝမြို့နယ် ပိုင်ကျုံရေထိန်းတံခါးနှင့် ရွှေလှေရေထိန်းတံခါးတို့၌ ငါးမျိုးစိုက်ထည့်

ကဝ ဇူလိုင် ၃၁

ကဝမြို့နယ် ဖလေးကျေးရွာအုပ်စုရှိ ပိုင်ကျုံရေထိန်းတံခါးနှင့် ညောင်ပင်ကျေးရွာအုပ်စုရှိ ရွှေလှေရေထိန်းတံခါးတို့၌ ဇူလိုင် ၂၁ ရက်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ကျေးလက်နေပြည်သူများ စားနပ်ရိက္ခာဖူလုံရေး တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုဆောင်ရွက်သည့်အနေဖြင့် ငါးမြစ်ချင်း၊ ငါးသန်ကောင်ရေ နှစ်သိန်းစီ စုစုပေါင်းကောင်ရေ လေးသိန်းအား ကဝမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်၊ ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးရန်ကင်းနှင့် ဝန်ထမ်းများ၊ ကဝမြို့နယ်မှ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့က ငါးမျိုးစိုက်ထည့်ပေးခဲ့ကြသည်။ **(အပေါ်ပုံ)** (၃၇၀)

အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ မိုးကောင်း၌ မြို့နယ်အဆင့် ထပ်ဆင့်ရှင်းလင်း

မိုးကောင်း ဇူလိုင် ၃၁

၂၀၁၁ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ မြို့နယ်အဆင့် ထပ်ဆင့်ရှင်းလင်းပွဲကို ကချင်ပြည်နယ် မိုးကောင်းမြို့ အထက(၁) မဥ္ဇူသကခန်းမ၌ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်စန်းမြင့်၊ လက်ထောက် မြို့နယ်ပညာရေးမှူး ဦးမင်းဦး၊ အထက(၁)နှင့် အထက(၂)ကျောင်းအုပ်ဆရာမကြီးတို့က အခြေခံပညာကဏ္ဍ၊ အနှစ်(၃၀)နှစ်ရှည် စီမံကိန်း လုပ်ငန်းစဉ်(၁၀)ရပ်၊ နှီးနှောဖလှယ်ပွဲတွင် တင်ပြဆွေးနွေးသည့် စာတမ်းများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားကြသည်။

ရှင်းလင်းပွဲသို့ မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းအုပ်ကြီး ၁၂၄ ဦး တက်ရောက်ကြသည်။ (၄၉၉)



ဇူလိုင် ၂၀ ရက်က ကလေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အားကစားခန်းမ၌ ကျင်းပသည့် ယာဉ်မတော်တဆမှုလျှော့နည်းပျောက်ရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲတွင် ခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်နိုင် ပညာပေး ဟောပြောဆွေးနွေးစဉ်။ (သတင်းစဉ်)

ပုသိမ်ကြီးမြို့နယ် မြန္မာကျေးရွာ၌ စပါးမျိုးစေ့များ သိပ္ပံနည်းကျပျိုးထောင်

နေပြည်တော် ဇူလိုင် ၃၁

ကျေးလက်နေပြည်သူများ စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ကျစေရေး ရည်ရွယ်လျက် ဇူလိုင် ၂၈ ရက် နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြန္မာကျေးရွာရှိ တောင်သူ ဦးကြည်ဆွေ၏ လယ်မြေ၌ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်သန်းနှင့် တိုင်းဒေသကြီး စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များက စပါးမျိုးစေ့များအား ပျိုးပေါင်စနစ်ဖြင့် သိပ္ပံနည်းကျ မျိုးစေ့ချပျိုးထောင်ပေးခဲ့ကြသည်။

(သတင်းစဉ်)

ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြီးစီး

နေပြည်တော် ဇူလိုင် ၃၁

ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ တတိယနေ့အစီအစဉ်ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော် အငြိမ်းစားဆရာဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ သဘာပတိအဖြစ် မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့မှ ပါမောက္ခ ဒေါက်တာသိန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်သဘာပတိအဖြစ် မန္တလေးဆေးတက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာစိုးထွန်းက ဆောင်ရွက်သည်။

ယင်းနောက် မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်နှင့် ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ရောဂါနှိမ်နင်းရေး) ဒေါက်တာဝင်းမောင်တို့က ကျန်းမာရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းစာတမ်း၊ ညွှန်ကြားရေးမှူး(အစာ/ဆေးဝါး) ဒေါက်တာကျော်လင်းက ဆေးဝါးရောင်းချမှု စီမံခန့်ခွဲခြင်းစာတမ်းနှင့် ညွှန်ကြားရေးမှူး(စီမံကိန်း)ဒေါက်တာနီလာတင်က ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၏ ဖွဲ့စည်းပုံအား ပြန်လည်သုံးသပ်ခြင်း စာတမ်းများကို ဖတ်ကြားတင်သွင်း ဆွေးနွေးကြသည်။

ဆက်လက်၍ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက အုပ်စု(၄)စုခွဲ၍ ဖတ်ကြားတင်သွင်းကြသည့် စာတမ်းများအပေါ် ဝိုင်းဝန်းဆွေးနွေးကြပြီး ဆွေးနွေးချက်များအား အုပ်စုအလိုက် တာဝန်ရှိသူများက စုစည်းတင်ပြကြသည်။ စုစည်းတင်ပြချက်များအပေါ် တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေး အကြံပြုကြသည်။

ယင်းနောက် သဘာပတိက အုပ်စုများ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲ တတိယနေ့ ပထမပိုင်းကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းတွင် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဆောင်ရွက်သည်။ ဆက်လက်၍ ကဏ္ဍကြီး(၆)ရပ်နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့သည့် အချက်များအပေါ် မူတည်ပြီး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန် တင်ပြခြင်းနှင့် ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ရာ ကဏ္ဍကြီး(၆)ရပ် တစ်ခုစီအတွက် ကိုယ်စားလှယ်ခြောက်ဦးက တင်ပြကြ၍ တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ထို့နောက် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသော သဘောတူအကြံပြုချက်များကို လုပ်ငန်းကော်မတီက ဖတ်ကြားကာ အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ တတိယနေ့အစီအစဉ် ကျင်းပစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်ရှိ တော်ချိုက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင် ၁၃ ရက်က ငါးသယံဇာတထိန်းသိမ်းရေး ဟောပြောပွဲ ကျင်းပရာ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းထိုက် အင်းလုပ်ငန်းရှင်များ၊ ရေလုပ်သားများနှင့်တွေ့ဆုံ၍ ငါးသယံဇာတထိန်းသိမ်းရေး၊ ငါးမျိုးများ ပြုန်းတီးမှုမှ ကာကွယ်ရေး ရှင်းလင်းပြောကြားစဉ်။

(မြို့နယ်ငါးလုပ်ငန်းဦးစီး)

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၃၁

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းက ကြီးမှူးကျင်းပသည့် "Dental Clinic Management in Japan" ခေါင်းစဉ်ဖြင့် ပညာရပ်ဆိုင်ရာဟောပြောပွဲကို ဩဂုတ် ၅ ရက် (သောကြာနေ့) နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ရုံးခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင် သွားဘက်ဆိုင်ရာ ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်သည်။

(သတင်းစဉ်)

ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူး ဦးဝင်းကျော်မျိုး တမူးမြို့ မြို့ပြ လမ်း၊ တံတား ငွေလုံးလုပ်ငန်းတစ်ရပ်ဖြစ်သော မြတ်သုခလမ်း ကတ္တရာခင်းကျင်းနိုင်ရေးအတွက် ပစ္စည်းများ စုဆောင်းထားရှိမှုကို ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

အေဝမ်းစိုး

အောက်တိုဘာတွင် စစ်မှုထမ်းမည်ဆိုသည့်သတင်းကို ရိန်း ငြင်းဆို

ကိုရီးယားစူပါစတားအဆိုတော် သရုပ်ဆောင်ရိန်းသည် အောက်တိုဘာလတွင် စစ်မှုတာဝန်ထမ်းဆောင်မည်ဆိုသော သတင်းမှာ မဟုတ်မှန်ကြောင်း ရိန်း၏ အေဂျင်စီ J.Tune က ငြင်းဆိုသည်။

J.Tune မှ တာဝန်ရှိသူတစ်ဦးက ပြောကြားရာတွင် မင်းသားရိန်းသည် ယခုနှစ်တွင် စစ်မှုတာဝန် သုံးလ ထမ်းဆောင်ရန် အစီအစဉ်ရှိသော်လည်း အောက်တိုဘာလတွင် ထမ်းဆောင်မည်မဟုတ်ကြောင်းနှင့် အချိန်အတိအကျလည်း မသိသေးကြောင်း ထုတ်ဖော်ပြောကြားသည်။

မင်းသားရိန်းသည် ယမန်နှစ်ကတည်းက စစ်မှုတာဝန်ထမ်းဆောင်ရန် သတ်မှတ်ခံခဲ့ရသော်လည်း ရိန်းက ပညာရေးတွင် မဟာဘွဲ့အတွက် လေ့လာရန်နှင့် အနုပညာလုပ်ရှားမှုများ ပြုလုပ်ရန်အတွက် ရွှေ့ဆိုင်းပေးရန် တောင်းဆိုမှုကြောင့် ယခုနှစ်သို့ ပြောင်းရွှေ့ခံထားရခြင်းဖြစ်သည်။

စစ်မှုထမ်းတာဝန် ထမ်းဆောင်ရန် ရွှေ့ဆိုင်းပြီးနောက်ပိုင်း မင်းသားရိန်းသည် ရုပ်သံဇာတ်လမ်းတွဲ Fugitive: Plan B တွင် ပါဝင်သရုပ်ဆောင်ခဲ့သကဲ့သို့ Take off: Closer to the sun အမည်ရှိ ရုပ်ရှင်ဇာတ်ကားကိုလည်း ရိုက်ကူးလျက်ရှိသည်။ ဤဇာတ်ကားသည် ၁၉၆၄ ခုနှစ် က Red Muffler အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို ပြန်လည်ရိုက်ကူးထားခြင်း ဖြစ်သည်။

ရိန်းသည် ယခုလောလောဆယ် ၎င်း၏ ကိုရီးယားနိုင်ငံတစ်ဝန်း လှည့်လည်ဖျော်ဖြေမည့် ခရီးစဉ်နှင့်ပတ်သက်၍ ပြင်ဆင်လျက်ရှိပြီး ရိုက်လက်စရုပ်ရှင်ကားကိုလည်း အပြီးသတ်ရန် လုပ်ဆောင်လျက်ရှိကြောင်းနှင့် ယင်းကိစ္စများ ပြီးမှသာ နောက်ထပ်အစီအစဉ်များကို စဉ်းစားသွားမည်ဖြစ်ကြောင်း J. Tune မှ တာဝန်ရှိသူတစ်ဦးက ဆက်လက်ပြောကြားသည်။ ထို့ပြင် ရိန်းသည် စစ်မှုတာဝန်မထမ်းဆောင်မီ အယ်လ် ဘမ်တစ်ခုထုတ်လုပ်သွားရန် အစီအစဉ် ရှိကြောင်း ပြောကြားသည်။

အင်တာနက်။

ပုဏ္ဏားကျွန်းမြို့နယ် လူမှုရေးအသင်း (ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၂၄ ရက်က တာမွေမြို့နယ် တာမွေလေးရပ်ကွက် ဦးဘကျော်လမ်းရှိ စတုဘုမ္မိက ပရိယတ္တိ စာသင်တိုက်၌ ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရသူတစ်ဦးအား ပညာရည်ချွန်ဆု ပေးအပ်စဉ်။

(ကြေးမုံ)

ရန်ကုန်မြို့ ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် ဗိုလ်ရာညွန့်လမ်းနေ ကွယ်လွန်သူမိခင်ကြီး ဒေါ်မြင့်မြင့်သက် ငါးနှစ်ပြည့်အားရည်စူး၍ သားဦးမြတ်သူ မိသားစုက ထာဝရအထွေထွေပဒေသာပင်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့အတွင်းရေးမှူး ဦးဝင်းဆွေထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁-၈-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၁၅ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၂၅ ၉။ ချစ်တတ်ကြရအောင်
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပဒေသာ
- ၄း၂၀ ၃။ တေးဂီတအစီအစဉ်
- ၄း၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) (ရူပဗေဒ)
- ၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၀ ၆။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၅း၀၅ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅း၂၅ ၈။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇း၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာနှလုံးသား (အပိုင်း-၁၃)**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ ကမ္ဘာကျော်သရုပ်ဆောင်များ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နားခိုရာ" (အပိုင်း-၁၉)**
- ၁၈။ အစီအစဉ်ပြီး၏။

အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ရေဘေးသင့်ပြည်သူများအား ပစ္စည်းနှင့် ပံ့ပိုးငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနား၌ အားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရေဘေးသင့်ပြည်သူများအား ပစ္စည်းနှင့် ပံ့ပိုးငွေပေးအပ်လှူဒါန်းပွဲ ပဲခူးမြို့၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၃၁

ရေဘေးသင့်ပြည်သူများအား ပစ္စည်းနှင့် ပံ့ပိုးငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၉ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ဗုဒ္ဓအသံ ဓမ္မဗိမာန် ရေဘေးစခန်း၊ ကလျာဏီရေဘေးစခန်းနှင့် ရွှေနံ့သာရေဘေးစခန်းတို့၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းတို့က ရေကျသွားသည့် နေရာများ၌ သန့်ရှင်းရေးနှင့် ကျန်းမာရေးကို အထူးဂရုပြုကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ လှူဒါန်းသော စားနပ်ရိက္ခာများ၊ အဝတ်အထည်များနှင့် ပံ့ပိုးငွေများကို ပေးအပ်သည်။

ကလျာဏီရေဘေးစခန်းမှ အိမ်ထောင်စု ၉၀၊ ရွှေနံ့သာရေဘေးစခန်းမှ အိမ်ထောင်စု ၃၂၅ စု၊ ဗုဒ္ဓအသံဓမ္မဗိမာန်ရေဘေးစခန်းမှ အိမ်ထောင်စု ၅၃၇ စု စုစုပေါင်းအိမ်ထောင်စု ၉၅၂ စုအတွက် အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနတို့က ငွေကျပ် ၂၉၆၅၀၀၀ ပံ့ပိုးလှူဒါန်းပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက တစ်အိမ်ထောင်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၉၅၂ စုအတွက် ငွေကျပ် ၉၅၂၀၀၀ လှူဒါန်းခဲ့သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁-၈-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၂၅ ၄။ မျိုးချစ်တပ်မတော်
၇း၃၀ ၅။ မြန်မာ့ရှုခင်း
၇း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ စိုက်ပျိုးသုတ
၄း၂၅ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၃၀ ၆။ လျှပ်တစ်ပြက်
၄း၄၅ ၇။ ဗွီစီဒီကျော်ကြားတေး
၅း၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၉။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း-၂၃)**
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ၁၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရတနာစံအိမ် (အပိုင်း-၄၇)**
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြား သတင်း
၁၅။ အမျိုးသားရေးတေးကဗျာ
၁၆။ ဒို့တာဝန်အရေး(၃)ပါး
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ Talk Of The Town
၂၀။ မေးမြန်းစူးစမ်း
၂၁။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ပေါင်မုန့်အချစ်အိပ်မက်လေးရယ် (အပိုင်း-၂၆)**
၂၄။ Mini Series

ငါးသယံဇာတ မပြုန်းတီးစေရန် ငါးရစ်ငါးသန်ကာလတွင် ငါးဥများရောင်းချခြင်း၊ စားသုံးခြင်းကိုလည်း သတိပြုရှောင်ကြဉ်သင့်

သတင်းမှတ်စု - ချစ်ဝင်းမြတ်

ငါးရစ်ငါးသန်များကို ဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားသည့် ယခုလိုကာလ (မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်)တွင် ရေထွက်ပစ္စည်းရောင်းချသည့် ဈေးကွက်အတွင်း၌ ဥကပ်ပါလာသည့် ငါးနှင့် ငါးဥရောင်းချခြင်း အများအပြား တွေ့ရှိရကြောင်း၊ ယခုလိုကာလတွင် ငါးဥ ရောင်းချခြင်း၊ စားသုံးခြင်းများ မပြုလုပ်သင့်ကြောင်း ငါးသယံဇာတထိန်းသိမ်းရေးနှင့် သက်ဆိုင်သူတို့က ပြောကြားကြသည်။

ဈေးကွက်အတွင်း ငါးဥများ၊ ငါးငယ်များ တွေ့ရှိရမှုနှင့်ပတ်သက်ပြီး "ငါးဈေးကွက်မှာ ဥနဲ့ငါးတွေ တော်တော်များများတွေ့ရတယ်။ မွေးမြူရေးငါးမှာ ဥပါတာက ပြဿနာမရှိဘူး၊ သဘာဝငါးတွေဖြစ်တဲ့ ငါးပြေမ၊ ငါးရံ့၊ ငါးပုဏ္ဏား၊ ငါးစင်ရိုင်းစတဲ့ သဘာဝငါးတော်တော်များများမှာ ဒီအချိန် ဥတွေနဲ့ သွားတွေ့တယ်။ သဘာဝမျိုး ထိန်းသိမ်းရေးရှုထောင့်ဘက်က ကြည့်မယ်ဆိုရင် ဖမ်းတဲ့သူက မဖမ်းသင့်သလို စားတဲ့သူကလည်း ဥနဲ့ငါးကို မစားသင့်ဘူး။ စားတာတွေကို ဒီကာလလေးမှာ ရှောင်ကြဉ်သင့်တယ်"ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ရှင်းလင်းပြောကြားသည်။

ငါးဖမ်းသူရေလုပ်သားတို့သည် ယခုလိုကာလမျိုး၌ သဘာဝမြစ်ချောင်းများအတွင်း ငါးအတက်များခြင်း၊ မျိုးရည်ဖြင့် ပြည့်နေသည့်ငါး၊ ဥကပ်ငါးများ ရှိနေခြင်းသည် အလေးချိန် ပိုမိုရရှိသည့်အတွက် ဖမ်းဆီးမှုပိုများသည့်ကာလဖြစ်သည်။ ထိုအချိန်မျိုးတွင် ငါးဈေးကွက်၌ ငါးအနုတ်အဖွဲ့မှစ၍ ငါးကြီးငါးကောင်းများအထိ ပေါများစွာတွေ့ရှိရကြောင်း ငါးသယံဇာတ ထိန်းသိမ်းနေသူတစ်ဦးက ဆိုသည်။

မွေးမြူရေးငါးသည် ဈေးကွက်လိုအပ်ချက်ကို ဖြည့်တင်းပေးနိုင်သည့် အခြေအနေတွင်ရှိပြီး သားဖောက်ရန် မျိုးငါးများ ရွေးချယ်ဖယ်ထားပြီးမှ အခြားငါးများကို ဈေးကွက်တင်ခြင်း ဖြစ်သည်။ ယခုလိုကာလတွင် သဘာဝမြစ်ချောင်းများအတွင်းမှ သဘာဝငါးများဖမ်းဆီးခြင်းကိုလည်း ရေလုပ်သားတို့အနေဖြင့် အသိရှိစွာဆင်ခြင်လုပ်ဆောင်မည်ဆိုပါက ငါးသယံဇာတထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ငါးသားဖောက်၍ ငါးမွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်နေသူတစ်ဦးက ရှင်းပြသည်။

သဘာဝအတွင်း ငါးမျိုးပြုန်းတီးခြင်းမဖြစ်စေရန် ငါးသားပေါက်ရာသီ၌ ငါးဖမ်းဆီးခြင်းကို ရှောင်ကြဉ်ခြင်း၊ သားဖောက်မွေးမြူရာတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ငါးမျိုးများအား သဘာဝအတွင်း မျိုးစိုက်ထည့်ပေးခြင်းတို့ဖြင့် ကာကွယ်နိုင်မည်ဖြစ်သည်။

ငါးမွေးမြူရေးကန်တစ်ခုမှ မွေးမြူထားသော ငါးများကို ဖော်ယူနေစဉ်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကျောက်ဆည်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၃၁

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်သည် ကျောက်ဆည်ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီတွင် ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကျောက်ဆည်မြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျောက်ဆည်မြို့နယ် တံစိုးကျေးရွာနှင့် သူငယ်တော်ကျေးရွာများ၌ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး မုန့်ပေါင်းကျေးရွာနှင့် မြို့သာကျေးရွာများ၌ ဒေသခံကျေးလက်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ ကျေးရွာပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဇူလိုင် ၃၀ ရက်တွင် စဉ့်ကိုင်မြို့ အရှဏ်တော် ဆွမ်းလောင်းအသင်း ခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိ မြို့ဖများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

(သတင်းစဉ်)

ပဲ၊ နှမ်းကုန်သည်ကြီးများအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ရှေ့ဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် ဇူလိုင် ၃၁

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော တိုင်းဒေသကြီး ပဲ၊ နှမ်းကုန်သည်ကြီးများအသင်း လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ပဲ၊ နှမ်းကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ပဲ၊ နှမ်းစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲ၊ နှမ်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထွက်တိုးရေး၊ အရည်အသွေးကောင်းမွန်ရေးနှင့် ပြည်တွင်း၊ ပြည်ပ အရောင်းအဝယ် ဖွံ့ဖြိုးတိုးတက်ရေးစသည့် ရည်ရွယ်ချက် (၃)ရပ် ထားရှိပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပဲ၊ နှမ်းစိုက်တောင်သူများကိုလည်း အသိပညာနှင့် စိုက်ပျိုးနည်းစနစ်များ၊ သွင်းအားစုများ၊ မျိုးကောင်းမျိုးသန့်များ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လည်း ပုသိမ်ဆိပ်ကမ်းမှ နိုင်ငံခြားသို့ ပဲ၊ နှမ်းများကို တိုက်ရိုက်တင်ပို့ရောင်းချသွားနိုင်အောင်နှင့် ပဲ၊ နှမ်းကဏ္ဍ ရောင်းဝယ်ရေး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး အစိုးရနှင့်အတူ တိုင်းဒေသကြီးအတွင်းရှိ အထူးပြုကုမ္ပဏီများ၊ လုပ်ငန်းရှင်များမှ ဝိုင်းဝန်းကူညီပါဝင်ဆောင်ရွက်သွားကြစေလိုကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

(သတင်းစဉ်)

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

မဆင်မခြင်မောင်းနှင်၍ ဆိုင်ကယ်မှောက်မှုများဖြစ်ပွား သီးခြားဖြစ်စဉ်နှစ်ခု၌ လူနှစ်ဦးသေဆုံး

ရေတာရှည် ဇူလိုင် ၃၁

ဆိုင်ကယ်ကို မဆင်မခြင် မောင်းနှင်ရာက ယာဉ်တိမ်းမှောက်မှုနှစ်ခု သီးခြားစီဖြစ်ပွားပြီး လူနှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဇူလိုင် ၂၄ ရက် ည ၉ နာရီခွဲတွင် ရေတာရှည်မြို့မှ ဆွာမြို့သို့ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း ယာဉ်မောင်း နေလင်းအောင် (၂၄) နှစ် ဆွာရွာမ-ကတို့ဆိပ် ဆွာမြို့နေသူ မောင်းနှင်ပြီး နောက်မှ လင်းမင်းဟိန်း (၂၇) နှစ် ဥသျှစ်ပင်ကျေးရွာ မြို့လှမြို့နေသူ လိုက်ပါလာသည့် ၉ယ/၄၈၀၆၅ လော်ဂျား 110 Dream အနက်ရောင်ဆိုင်ကယ်သည် မိုင်တိုင်အမှတ် (၁၉၄/၅)နှင့် (၁၉၄/၆) ကြားရောက်တွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ဆိုင်ကယ်မောင်းနှင်သူ နေလင်းအောင် (၂၄) နှစ်မှာ ဦးခေါင်းနောက်စေ့ ပေါက်ပြဲဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။ နောက်မှ လိုက်ပါစီးနင်းသူ လင်းမင်းဟိန်းသည် ဦးခေါင်းနောက်စေ့ ပေါက်ပြဲဒဏ်ရာ၊ ယာဘက်ခါး ပေါက်ပြဲဒဏ်ရာ၊ ဝဲလက်ကောက်ဝတ်၊ ယာတတောင်ဆစ်ပွန်းပဲ့ဒဏ်ရာများ ရရှိသွားခဲ့သည်။ အဆိုပါအမှုဖြစ်စဉ်အား ရေတာရှည်ရဲစခန်းမှ (ပ) ၁၅၃/၂၀၁၁၊ ပုဒ်မ-၃၃၈/၃၀၄-က ဖြင့် အရေးယူခဲ့သည်။

ဇူလိုင် ၂၅ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ယာဉ်မောင်း ဇော်မင်းထိုက် (၂၉) နှစ် အမှတ်(၉)ရပ်ကွက် တောင်ငူမြို့နေသူ မောင်းနှင်ပြီး နောက်မှ ဦးခင်မောင်ဝင်း (၄၅) နှစ် (ဘ)ဦးနေဝင်း ရွာသာယာ ဆွာမြို့နေသူတို့ စီးနင်းလိုက်ပါလာသည့် SANBO 125 WAVE (လိုင်စင်မဲ့ဆိုင်ကယ်)သည် တောင်မှမြောက်သို့ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း မောင်းနှင်လာစဉ် မိုင်တိုင်အမှတ် (၁၉၆/၃) နှင့် (၁၉၆/၄) အကြား ပြိစုတ်ကျေးရွာအနီးတွင် ရှေ့မှသွားနေသော ဆိုင်ကယ်ကို ကျော်တက်ရာမှ အရှိန်မထိန်းနိုင်ဘဲ လမ်းအနောက်ဘက်သို့ တိမ်းမှောက်သွားခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် နောက်တွင် စီးနင်းလိုက်ပါလာသူ ဦးခင်မောင်ဝင်း (၄၅)နှစ်မှာ ယာဘက်နဖူးရောင်ဒဏ်ရာ၊ ဦးခေါင်းဝဲဘက်ထိပ် ဖူးရောင်ဒဏ်ရာ၊ ပါးစပ်မှ သွေးထွက်ဒဏ်ရာများဖြင့် နေရာတွင်ပင် သေဆုံးသွားခဲ့သည်။ အမှုနှင့်ပတ်သက်၍ ဆွာရဲစခန်းမှ အရေးယူထားကြောင်း သိရသည်။ (၅၇၈)

ရေတွင်းထဲပြုတ်ကျ၍ သေဆုံး

ပေါင်းတည် ဇူလိုင် ၃၁

ဇူလိုင် ၂၆ ရက် ည ၈ နာရီခန့်တွင် ပေါင်းတည်မြို့ မိုးကောင်းဘုရားကြီးဝင်းအတွင်းရှိ ရေတွင်း၌ ပေါင်းတည်မြို့နယ် ဈေး (၂)ရပ်ကွက် (၄) လမ်းနေ သိန်းဝင်း(ခေါ်)အန့်လန်ကြီး အသက် (၃၀) သည် ရေချိုးနေစဉ် ရေတွင်းထဲသို့ လိမ့်ကျပြီး ရေနစ်သေဆုံးခဲ့ကြောင်း ဈေး (၂)ရပ်ကွက် ရာအိမ်မှူး ဦးကြည်ထွန်းက ရဲစခန်းသို့ လာရောက်အကြောင်းကြားလာ၍ ပေါင်းတည်ရဲတပ်ဖွဲ့စခန်းမှ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရေတွင်းထဲတွင် သေဆုံးသူမှာ ပြင်ပဒဏ်ရာ မရှိဘဲ ရေနစ်သေဆုံးခဲ့ကြောင်း တွေ့ရှိရ၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

(၆၀၇)

ဝန်ထမ်းကောင်းများပီပီ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှု ကင်းရှင်း၍ မိမိလုပ်ငန်းတာဝန်အား တိကျမှန်ကန်ကောင်းမွန်စွာ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၃၁

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဇူလိုင် ၂၉ ရက် မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှု အခြေအနေများ၊ Unit losses ကျဆင်းမှုနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်မှုများ၊ ဝန်ထမ်းရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်က ရခိုင်ပြည်နယ်မီးလင်းရေးကိစ္စရပ်များ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်နှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ စည်းစည်းလုံးလုံးဖြင့် စနစ်တကျနေထိုင်ရေး၊ ဝန်ထမ်းကောင်းများပီပီ အဂတိတရားလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှု ကင်းရှင်း၍ မိမိလုပ်ငန်းတာဝန်အား တိကျမှန်ကန်ကောင်းမွန်စွာ ဆောင်ရွက်ကြရေးတို့ကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် စစ်တွေမြို့နယ် ဒီဇယ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက စစ်တွေမြို့သို့ ၁၂၅၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက် တစ်လုံး၊ ၁၀၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက် တစ်လုံး၊ ၅၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက် နှစ်လုံး စုစုပေါင်း ဓာတ်အားပေးစက် လေးလုံးဖြင့် ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး ကျေးလက်စွမ်းအင်ဖွံ့ဖြိုးရေးကော်မတီက ကြီးမှူးကျင်းပသော နေရောင်ခြည်သုံး (Solar) ပစ္စည်းများနှင့် (Gasifired)စက်အသုံးပြုမှုပြခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဘုတလင်မြို့နယ် လက်ယက်တွင်းကျေးရွာ သိန်းထိုက်ရတနာ စာကြည့်တိုက်ဖွင့်ပွဲနှင့် အလယ်တန်းကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင် ဘုတလင်မြို့နယ် လက်ယက်တွင်းကျေးရွာ၌ ကျင်းပသည့် သိန်းထိုက်ရတနာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။

ယင်းနောက် ကျေးရွာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဗလငါးတန်လေ့ကျင့်ရေး ခန်းမဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်ရာ လက်ယက်တွင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ကြီး ဦးစောဝင်းနှင့် အလှူရှင် ဦးသိန်းထိုက်တို့က ဗလငါးတန်လေ့ကျင့်ရေးခန်းမကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်၊ ခန်းမဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် (၁၃)ကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက အမှာစကားပြောကြားပြီး ဆုရကျောင်းသား၊ ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ကာ ကျေးလက်စွမ်းအင်ဖွံ့ဖြိုးမှုကော်မတီက ကြီးမှူးကျင်းပသော နေရောင်ခြည်သုံး (Solar)ပစ္စည်းများနှင့် (Gasifired)စက်အသုံးပြုမှုပြခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဘုတလင်မြို့နယ် သစ်ခဲကြီးကျေးရွာ ရောင်ခြည်သစ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘုတလင်မြို့နယ် မောင်းထောင်စံပြကျေးရွာ စိန္တကျော်သူစာကြည့်တိုက် တိုက်နယ်ဆေးရုံ ဓာတ်မှန်ဆောင် ဆောက်လုပ်နေမှု၊ ဆေးသိုလှောင်ခန်းနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူနေကြသော လူနာများအား ကြည့်ရှုအားပေးကာ ကျေးရွာပြည်သူများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ ဘုတလင်မြစ်ရေတင်လုပ်ငန်း အကြီးစားပြင်ဆင်ထိန်းသိမ်းမှုနှင့် ရေပေးဝေမှုတို့ကိုကြည့်ရှုစစ်ဆေးပြီး ဘုတလင်မြို့နယ် သီးပင်အိုင်ကျေးရွာ တောင်သူများနှင့် တွေ့ဆုံသည်။

ထို့နောက် ဘုတလင်မြို့နယ် တွင်းတောင်စခန်းရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း စက်ရုံ (စက်ကိုင်း)သို့ ရောက်ရှိပြီး စက်ရုံလည်ပတ်နေမှု၊ လျှပ်စစ်မီးရရှိမှု၊ ကုန်ကြမ်းများ ထုတ်လုပ်နေမှု၊ တွင်းတောင်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုနှင့် တွင်းတောင်ကျေးရွာ ပင်မရေစုကန်တို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဂုဏ်ပြု ဖြစ်ရပ်မှန်ဇာတ်လမ်း ရမည်းသင်း၌ ရိုက်ကူး

ရမည်းသင်း ဇူလိုင် ၃၁

(၄၇) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် "အမှောင်ခွင်း၍အလင်းမြား"အမည်ရှိ ဖြစ်ရပ်မှန် ဗီဒီယိုဇာတ်ကားရိုက်ကူးရန် ဇူလိုင် ၁၈ ရက်က ရမည်းသင်းမြို့သို့ နဒီလှိုင်း ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးအဖွဲ့နှင့် ကိုလူချောတို့အဖွဲ့ ရောက်ရှိသည်။

အဆိုပါဇာတ်လမ်းမှာ လွန်ခဲ့သော နှစ်နှစ်ခန့်က ရမည်းသင်းမြို့ ဈေးအရှေ့တောင်ဘက်ရှိ စိန်ရွှေရတနာ ရောင်းဝယ်ရေးဆိုင်သို့ လူဆိုးသုံးဦး ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာကြပြီး သေနတ်ပစ်ဖောက်ကာ ဆိုင်ထဲဝင်ရောက်၍ ရွှေရတနာများ ထည့်ထားသော မှန်အား သေနတ်ဖြင့် ပစ်ဖောက်ပြီး သေနတ်ဒင်နှင့်ခွဲကာ အဖော်ဖြစ်သူက ပါလာသောအိတ်ဖြင့် ရွှေရတနာမျိုးစုံကို ကျုံးထည့်စဉ် ဆိုင်ရှင်၏တူမက ရွှေအိတ်ကို ပြန်လည်လုယူသဖြင့် လူဆိုးတစ်ဦးက သေနတ်ဖြင့်ပစ်ရာ ပေါင်တွင် သေနတ်ထိမှန် ဒဏ်ရာရရှိခဲ့သည်။ ဆိုင်ရှင်၏ တူတစ်ဦးလည်း သေနတ်သံကြား၍ ဆိုင်ထဲဝင်လာရာ လူဆိုးက သေနတ်ဖြင့်ပစ်၍ လက်မောင်းတွင် ဒဏ်ရာရရှိသွားသည်။

လူဆိုးများသည် ရွှေထုပ်ကိုယူ၍ မြို့အရှေ့ဘက်သို့ ဆိုင်ကယ်ဖြင့် ထွက်ပြေးခဲ့ရာ ရဲတပ်ဖွဲ့ဝင်များက တရားခံများအား ရှစ်မိုင်အတွင်း ပြန်လည်ဖမ်းဆီးရမိသော ဖြစ်ရပ်မှန် မှုခင်းဇာတ်လမ်းဖြစ်သည်။

အဆိုပါ ဇာတ်လမ်းကို ဇူလိုင် ၁၉ ရက်မှစကာ ဒါရိုက်တာ ရဲဝန်ထမ်းဟောင်း တစ်ဦး၊ လက်ထောက်ဒါရိုက်တာ ဩမောင်ကျော်၊ နဒီလှိုင်း ရုပ်ရှင်နှင့် ဗီဒီယို ထုတ်လုပ်ရေးအဖွဲ့တို့က တာဝန်ယူ ရိုက်ကူးခြင်းဖြစ်သည်။

အဓိက တရားခံ ညီညီနိုင်အဖြစ် မင်းရာဇာ၊ ၎င်း၏ အပေါင်းအပါ နှစ်ဦးဖြစ်သော တရားခံ ခိုင်ကြီး(ခ) ခိုင်ဇော်ဝင်းအဖြစ် အံ့မင်းညို၊ တရားခံ ဂျပုအဖြစ် တည်ကြည်ခန့်၊ ၎င်းတို့သုံးဦးအား လိုက်လံဖမ်းဆီးသူ ရဲအုပ်ဘရှိန်းအဖြစ် သရုပ်ဆောင် မင်းထက်နှင့် ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့ဝင်များက ပါဝင်ကူညီပေးကြသည်။

မင်းသမီး မျိုးစန္ဒီကျော်က ရဲအရာရှိအဖြစ် ပါဝင်ပြီး ဇာတ်ကားဖြစ်မြောက်ရေးအတွက် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်များ၊ ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့နှင့် မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့ဝင်များက ပါဝင်ကူညီပေးခဲ့ကြကြောင်း၊ ဇာတ်လမ်းရိုက်ကူးရေးအဖွဲ့သည် အမှတ်(၁) ရဲလေ့ကျင့်ရေးသင်တန်းကျောင်းတွင် တည်းခိုလျက် ဆက်လက် ရိုက်ကူးလျက်ရှိကြောင်း သိရသည်။ (၁၁၅)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သံတံတားလမ်းနေ ကွယ်လွန်သူ ဒေါ်ဆွေဆွေလှဲ(တရားရေး) သုံးနှစ်ပြည့်အား ရည်စူး၍ ခင်ပွန်း ဦးဝေဇင်၊ သား မောင်ထက်ဝေယံ၊ မောင်ဝေလျှံဖြိုး မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင်အတွက် အလှူငွေကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အရန်အဖွဲ့ဝင် ဦးအေးမောင်သန်း လက်ခံစဉ်။ (ကြေးမုံ)

မြဝတီခရိုင် မြဝတီမြို့နယ် မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၅ ရက်က အထကမြဝတီနှင့် အထက(ခွဲ) မြဝတီကျောင်းများ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်ငွေ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောစဉ်။ (၅၇၀)

သဘာဝနယ်မြေထိန်းသိမ်းရေးရှင်းလင်းဟောပြော

မိုးကုတ် ဇူလိုင် ၃၁

တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေပညာပေးဟောပြောပွဲကို ဇူလိုင် ၁၀ ရက်က မိုးကုတ်မြို့နယ် အောင်ဗဒါန်းကျေးရွာ၌ ကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ဦးကျော်စန်း၊ တောအုပ်ဦးဝင်းတင်၊ ရွှေဥဒေါင်းဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးအောင်မောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအေးကိုတို့က တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေပါပြဋ္ဌာန်းချက်များကို ရှင်းလင်းဟောပြောခဲ့ကြသည်။ (၆၂၉)

ခေါင်းလောင်းတီးစနစ်ဖြင့် အမှိုက်များ သိမ်းဆည်းမည်

စစ်ကိုင်း ဇူလိုင် ၃၁

ဩဂုတ် ၁ ရက် တနင်္လာနေ့မှစ၍ မြို့သန့်ရှင်းသာယာလှပရေးနှင့် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းများ ကင်းဝေးစေရန်အတွက် စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပေါ် (၁၈) ရပ်ကွက်သို့နေ့စဉ် ခေါင်းလောင်းတီးစနစ်ဖြင့် အမှိုက်များ သိမ်းဆည်းပေးမည်ဖြစ်သည်။ (၅၃၁)

စာတည်းထံသို့ ပေးစာများ

ယမကာနှင့် သားငါးဆိုင်များ ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှင်စောပုရပ်ကွက် စမ်းချောင်းလမ်းမကြီး တစ်လျှောက်တွင် နံနက်မှ ညအထိ သားငါး၊ ဟင်းသီးဟင်းရွက်၊ ထမင်းဆိုင်များ၊ ဘီယာအရက်နှင့် စားသောက်ဆိုင်များ ရောင်းချလျက်ရှိရာ လမ်းသွားလမ်းလာများမှာ လမ်းလျှောက်၍ပင်မရပါ။ ထို့အပြင် ညှော်နံ့၊ အညစ်အကြေးနံ့များ၊ သောက်စားမူးယစ်သူများ၏ နောက်ပြောင်မှုများကြောင့် အမျိုးကောင်းသားသမီးများ ကာယိန္ဒြေပျက်စေပါသည်။ သို့ဖြစ်ပါ၍ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

စမ်းချောင်းသား

ငုံးမွေးခြံအညစ်အကြေးနံ့ ပတ်ဝန်းကျင်ပျံ့နှံ့

စာတည်းခင်ဗျား-

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြောက်ပိုင်းရပ်ကွက် သုခမြိုင်လမ်းနှင့် အောင်သုခလမ်းဆုံထောင့်တွင် စီးပွားဖြစ် ငုံးများမွေးမြူလျက်ရှိရာ အညစ်အကြေးအနံ့ဆိုးများ၊ စပါးခွံများ သိုလှောင်ထားခြင်းကြောင့် ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ ကျန်းမာရေးထိခိုက်စေပါ၍ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့မခံနိုင်သူများ

ပလက်ဖောင်းပေါ် ကျူးကျော်ဆောက်လုပ်သူများ ရှင်းလင်းစေချင်

စာတည်းခင်ဗျား-

သယ်န်းကျွန်းမြို့နယ် သုမင်္ဂလာအိမ်ရာ(၂) ဣန္ဒာသယလမ်းရှိ တိုက်ခန်းများ၏ရှေ့တွင် ကားပါကင်အတွက် နေရာများ ချထားပေးခဲ့ပါ သည်။ တိုက်ခန်းများ၏ မြေညီခန်းတွင် နေသူများက ၎င်းကားပါကင်နေရာတွင် အိမ်ရာများတိုးချဲ့ခြင်း၊ ဆိုင်ခန်းများ တည်ဆောက်ခြင်း လူသွားလမ်း(ပလက်ဖောင်း)မချန် မြောင်းနှုတ်ခမ်းအထိ တိုးချဲ့တည်ဆောက်လာပါ၍ တိုက်ခန်းနေသူများမှာ ကားလမ်းမပေါ်မှ လမ်းလျှောက်နေရပါသဖြင့် အန္တရာယ်ရှိလာပါသောကြောင့် လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သုမင်္ဂလာအိမ်ရာသား

တက္ကသိုလ်နှင့် ကောလိပ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၃၁

ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဇူလိုင် ၂၉ ရက် နံနက်ပိုင်းတွင် ပုသိမ်တက္ကသိုလ်အားကစားခန်းမ၌ ကျင်းပသော ၂၀၁၀-၂၀၁၁ ပညာသင်နှစ် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) တက္ကသိုလ်နှင့်ကောလိပ်ပေါင်းစုံ ဇုန်အဆင့် အမျိုးသားဘော်လီဘောပြိုင်ပွဲသို့ တက်ရောက်၍ ပုသိမ်တက္ကသိုလ်အသင်းနှင့် ပြည်တက္ကသိုလ်အသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးများက နှစ်သိမ့်ဆုရ မအူပင်တက္ကသိုလ်အသင်း၊ တတိယဆုရ ဟသ်ာတတက္ကသိုလ်အသင်း၊ ဒုတိယဆုရ ပုသိမ်တက္ကသိုလ်အသင်း၊ ပထမဆုရ ပြည်တက္ကသိုလ်အသင်းနှင့် အကောင်းဆုံးဆုရ အားကစားသမားများအား တစ်ဦးချင်းဆုနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က တံခွန်စိုက်ဒိုင်းဆုရ ပြည်တက္ကသိုလ်အသင်းအား တံခွန်စိုက်ဒိုင်းဆုနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုသိမ်မြို့ ကိုးသိန်းအားကစားခန်းမ၌ ကျင်းပသည့် ၂၀၁၁ ခုနှစ် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲသို့ တက်ရောက်၍ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးများက အမျိုးသမီးပြိုင်ပွဲတွင် ဒုတိယဆုရ မအူပင်ခရိုင်အသင်းနှင့် ပထမဆုရ ပုသိမ်ခရိုင်အသင်း၊ အမျိုးသားပြိုင်ပွဲတွင် ဒုတိယဆုရ မြောင်းမြခရိုင်အသင်းနှင့် အကောင်းဆုံးဆုရ အားကစားသမားများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ ပုသိမ်ခရိုင်အသင်းနှင့် အမျိုးသားပြိုင်ပွဲတွင် ပထမဆုရ ပုသိမ်ခရိုင်အသင်းတို့အား တံခွန်စိုက်ဆုဖလားများကို ပေးအပ်ချီးမြှင့်ခဲ့သည်။ (သတင်းစဉ်)

ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)တက္ကသိုလ်နှင့် ဒီဂရီကောလိပ်ပေါင်းစုံ ဇုန်အဆင့် အမျိုးသားဘော်လီဘောပြိုင်ပွဲ တံခွန်စိုက်ဒိုင်းဆုရ ပြည်တက္ကသိုလ်အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

သာယာဝတီမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲကျင်းပ

သာယာဝတီ ဇူလိုင် ၃၁

၂၀၁၁ ခုနှစ် သာယာဝတီမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဇူလိုင် ၂၇ ရက် ညနေပိုင်းက ခရိုင်အားကစားကွင်း၌ ကျင်းပရာ**(အောက်ပုံ)** မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဝင်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဖွင့်ပွဲစဉ်အဖြစ် ရေဝေရပ်ကွက်အသင်းနှင့် ရှေ့/နောက် လက်ပံခုန်ရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။ အဆိုပါ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ရပ်ကွက် ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ဩဂုတ် ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

(ခရိုင်အား/ကာ)

ကမ္ဘာ့ဘိလိယက်ပြိုင်ပွဲသို့ မြန်မာဘိလိယက်အဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဇူလိုင် ၃၁

အိုင်ယာလန်နိုင်ငံ ကာလူးမြို့တွင် ဩဂုတ် ၂၃ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ကျင်းပမည့် ကမ္ဘာ့ဘိလိယက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ အားကစားသမားနှစ်ဦးဖြစ်သော ကျော်ဦးနှင့် နေသွေးဦးတို့သည် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ ဘိလိယက်နှင့် စနူကာ လေ့ကျင့်ရေးခန်းမ၌ လေ့ကျင့်လျက်ရှိသည်။

အဆိုပါ ပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရန် မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူပြီး အုပ်ချုပ်သူ ဦးအောင်လင်းနှင့် နည်းပြ ဒေါက်တာမင်းနိုင်တို့က အထူးကြပ်မတ် လေ့ကျင့်ပေးလျက်ရှိသည်။ (သတင်းစဉ်)

၂၀၁၄ ကမ္ဘာ့ဖလားခြေစစ်ပွဲကစားရန် အုပ်စုများမဲခွဲ အင်္ဂလန်နှင့်စပိန် ခြေစစ်ပွဲအောင်ရန် အလားအလာကောင်း

ဘရာဇီးလီးယား ဇူလိုင် ၃၁

၂၀၁၄ ခုနှစ်တွင် ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိရေး ဇုန်အလိုက်ခြေစစ်ပွဲများကစားရန် အုပ်စုများမဲခွဲပွဲကို တနင်္ဂနွေနေ့နံနက်က ကျင်းပခဲ့ရာ ဥရောပဇုန်၌ အင်္ဂလန်နှင့် စပိန်တို့အုပ်စုချောင်ပြီး ခြေစစ်ပွဲကို အခက်အခဲမရှိ ကျော်ဖြတ်နိုင်ရန် အလားအလာကောင်းနေသည်။

ဥရောပဇုန်

ဥရောပဇုန်တွင် ခြေစစ်ပွဲဝင် အသင်း ၅၃ သင်းပါဝင်မည်ဖြစ်ပြီး ၁၃ သင်း ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သည်။ အဆိုပါ ၅၃ သင်းကို ကိုးအုပ်စုခွဲ၍ အုပ်စုရှစ်အုပ်စုတွင် အသင်းခြောက်သင်းစီ ပါဝင်မည်ဖြစ်ကာ ကျန်တစ်အုပ်စုတွင် အသင်းငါးသင်းပါဝင်မည်ဖြစ်သည်။

ဥရောပဇုန်ခြေစစ်ပွဲအတွက် မဲခွဲရာတွင် အုပ်စု(A)၌ ခရိုအေးရှား၊ ဆားဘီးယား၊ ဘယ်လ်ဂျီယံ၊ စကော့တလန်၊ မက်ဆီဒိုးနီးယား၊ ဝေးလ်၊ အုပ်စု(B)တွင် အီတလီ၊ ဒိန်းမတ်၊ ချက်၊ ဘူလ်ဂေးရီးယား၊ အယ်လ်မေးနီးယား၊ မော်လ်တာ၊ အုပ်စု(C) တွင် ဂျာမနီ၊ ဆွီဒင်၊ အိုင်ယာလန်၊ ဩစတြီးယား၊ ဖာရိုးကျွန်းစု၊ ကာဇက်စတန်၊ အုပ်စု(D)တွင် နယ်သာလန်၊ တူရကီ၊ ဟန်ဂေရီ၊ ရိုမေးနီးယား၊ အက်စတိုးနီးယား၊ အင်ဒိုရာ၊ အုပ်စု(E)တွင် နော်ဝေ၊ ဆလိုဗေးနီးယား၊ ဆွစ်ဇာလန်၊ အယ်လ်ဘေးနီးယား၊ ဆိုက်ပရပ်စ်၊ အိုက်စလန်၊ အုပ်စု(F)တွင် ပေါ်တူဂီ၊ ရုရှား၊ အစ္စရေး၊ မြောက်အိုင်ယာလန်၊ အဇာဘိုင်ဂျန်၊ လူဇင်ဘတ်၊ အုပ်စု(G)တွင် ဂရိ၊ ဆလိုဗက်ကီးယား၊ ဘောစနီးယားနှင့် ဟာဇီဂိုးဗီးနား၊ လက်သူယေးနီးယား၊ လက်ဗီးယား၊ လက်ချင်စတိန်း၊ အုပ်စု(H) တွင် အင်္ဂလန်၊ မွန်တီနီဂရိုး၊ ယူကရိန်း၊ ပိုလန်၊ မော်လ်ဒိုဗာ၊ ဆန်မာရီနို၊ အုပ်စု(I) တွင် စပိန်၊ ပြင်သစ်၊ ဘယ်လ်လာရုစ်၊ ဂျော်ဂျီယာနှင့် ဖင်လန်တို့ဖြစ်သည်။

ဥရောပဇုန်အတွက် ဘရာဇီးဂန္ထဝင်ကစားသမား ရိုနယ်ဒို မဲနှိုက်ပေးစဉ်။

အာရှဇုန်

အာရှဇုန် ခြေစစ်ပွဲအတွက် မဲခွဲရာတွင် အုပ်စု(A)၌ တရုတ်၊ ဂျော်ဒန်၊ အီရတ်၊ စင်ကာပူ၊ အုပ်စု(B)တွင် တောင်ကိုရီးယား၊ ကူဝိတ်၊ ယူအေအီး၊ လက်ဘနွန်၊ အုပ်စု(C)တွင် ဂျပန်၊ ဥဇဘက်ကစ္စတန်၊ ဆီးရီးယား၊ မြောက်ကိုရီးယား၊အုပ်စု(D)တွင် ဩစတြေးလျ၊ ဆော်ဒီအာရေးဘီးယား၊ အိုမန်၊ ထိုင်း၊ အုပ်စု(E)တွင် အီရန်၊ ကာတာ၊ ဘာရိန်းနှင့် အင်ဒိုနီးရှားတို့ဖြစ်သည်။ အာရှဇုန်မှ ကမ္ဘာ့ဖလားဝင်ခွင့် လေးနေရာ(သို့) ငါးနေရာ ရရှိမည်ဖြစ်သည်။ ESPN

ဟန်သစ်

လွိုင်ကော်မြို့နယ် အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၃၁

၂၀၁၁ ခုနှစ် မိုးရာသီဘောလုံးပြိုင်ပွဲ လွိုင်ကော်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား ရပ်ကွက်/ ကျေးရွာ လူသစ်တန်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဇူလိုင် ၂၈ ရက်က အဆိုပါ မြို့နယ်အားကစားကွင်း၌ ကျင်းပရာ မြို့နယ်အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နုက အမှာစကားပြောကြားပြီး **(အပေါ်ပုံ)**ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲသို့ ပြိုင်ပွဲဝင်အသင်း ၂၈ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ဇူလိုင် ၂၈ ရက်မှ စက်တင်ဘာ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ဆီးဂိမ်းအောင်မြင်မှုရရေး လက်ဝှေ့အဖွဲ့ချုပ်စည်းဝေး

ရန်ကုန် ဇူလိုင် ၃၁

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက်ဖလား လက်ဝှေ့ပြိုင်ပွဲနှင့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နောက်ဆုံးလူရွေးပွဲ ကျင်းပနိုင်ရေး အပါအဝင် လက်ဝှေ့အဖွဲ့ချုပ် လုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးရန်ဝင်းက နိုဝင်ဘာလတွင် ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာလက်ဝှေ့အဖွဲ့ အောင်မြင်မှုရရှိရေးအတွက် ကျန်ရှိနေသည့် ကာလအတွင်း အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပြီး မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် တာဝန်ယူကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက်ပါ ကော်မတီအစုအဖွဲ့များဖြင့် တာဝန်ယူ ခွဲဝေဆောင်ရွက်သွားကြရန် အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ ဦးနော်တောင်(အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အောက်မြန်မာပြည်)၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ ဘဏ္ဍာရေးမှူး ဦးကြည်လင်း၊ အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်၊ နည်းပြချုပ် ဦးတင်မောင်ဖေ၊ ဆေးမှူး ဒေါက်တာစောဖုန်းနီနှင့် ဗဟိုအလုပ်အမှုဆောင်များက မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးခဲ့ကြသည်။**(အောက်ပုံ)**

ဆွေးနွေးမှုများတွင် ဩဂုတ် ၁၆ ရက်မှ ၂၀ ရက်အထိ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပမည့် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲနှင့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အတွက် နောက်ဆုံးလူရွေးပွဲနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ ပြည်ပသို့ ပူးတွဲလေ့ကျင့်ရေး သွားရောက်မည့် အစီအစဉ်များ၊ အာရှလက်ဝှေ့အင်အားကြီး နိုင်ငံတစ်ခုမှ နည်းစနစ်ပိုင်းဆိုင်ရာ အကူအညီပေးမည့် ကိစ္စရပ်များ ပါဝင်သည်။ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပမည့်ပြိုင်ပွဲတွင် အမျိုးသားသက်ငယ်တန်းနှင့် အလွတ်တန်း၊ အမျိုးသမီးအလွတ်တန်း ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ဝိတ်တန်းအလိုက် ပထမဆု ငွေကျပ် ၁၅၀၀၀၀၊ ဒုတိယဆုငွေကျပ် ၁၀၀၀၀၀၊ တတိယဆု ငွေကျပ် ၅၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

မြို့နယ် အုပ်ချုပ်ရေးမှူးဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

တောင်ကြီး ဇူလိုင် ၃၁

လွိုင်လင်မြို့နယ် အုပ်ချုပ်ရေးမှူးဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇူလိုင် ၂၄ ရက် မွန်းလွဲ ၂ နာရီက ခရိုင်အားကစားကွင်း၌ ကျင်းပရာ ရပ်ကွက် (၄-က)အသင်းနှင့် ညွန့်ပေါင်းလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ (၄-က) အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ဆက်လက်၍ ဆုချီးမြှင့်ပွဲ ကျင်းပရာ ပထမဆုရ ရပ်ကွက် (၄-က) အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကို လွိုင်လင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကြည်ကလည်းကောင်း၊ ဒုတိယဆုရ ညွန့်ပေါင်းအသင်းအား ငွေသားဆုကို လွိုင်လင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိက လည်းကောင်း ဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။ (၆၇၄)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး ရေနံနှင့် ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာန၏ သန်လျင်ရေလုံသင်္ဘောကျင်းနှင့် လှော်ာလမ်းသင်္ဘောကျင်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(စွမ်းအင်)

အုပ်ချုပ်ရေးယန္တရားနှင့် လိုက်လျောညီထွေရှိအောင် တာဝန်ဝတ္တရားများကို ကျေပွန်အောင် ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၃၁

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် ဇူလိုင် ၂၉ ရက် မွန်းလွဲပိုင်းတွင် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၁) သန်လျင်ရေနံချက်စက်ရုံနယ်မြေရှိ ချောဆီရောစပ်စက်ရုံ (Lube Blending Plant) သို့ရောက်ရှိပြီး စက်ရုံ၏စွမ်းအားပြည့် အသုံးချထုတ်လုပ်နိုင်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ရေနံနှင့် ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာန၏ သန်လျင်ရေလုံသင်္ဘောကျင်းနှင့် လှော်ာလမ်းသင်္ဘောကျင်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးတို့က သင်္ဘောကျင်းလွန်းတင်လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ နှစ်စဉ် သင်္ဘောနှင့်တွဲများ ပြင်ဆင်နိုင်ခဲ့မှုနှင့် မြစ်ကြောင်းများ၏ နုန်းပို့ချခဲ့မှုများကြောင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်လိုသော လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဌာနများအတွက် ထည့်သွင်းတည်ဆောက်ထားပေးပြီးဖြစ်သော ပစ္စည်းများ၊ အဆောက်အအုံများကို အစဉ်အသုံးပြု၍ရသော အခြေအနေမျိုးဖြစ်အောင် စီမံဆောင်ရွက်ထားရန်နှင့် ဌာနတွင်းပြင်ဆင်တည်ဆောက်နိုင်သော ယာဉ်၊ ယန္တရားများကို မိမိတို့ကိုယ်တိုင် ပြင်ဆင်ခြင်း၊ တီထွင်ဖန်တီး အသုံးပြုခြင်းဖြင့် နိုင်ငံ့ဘဏ္ဍာငွေ ကုန်ကျမှုကို သက်သာလျော့နည်းအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းလမ်းရှိ ရေနံနှင့် ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာနရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ပြောင်းလဲနေပြီဖြစ်သော အုပ်ချုပ်ရေးယန္တရားနှင့် လိုက်လျောညီထွေရှိအောင် နေထိုင်ပြုမူရင်း ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ တိုင်းပြည်က ပေးအပ်ထားသော တာဝန်ဝတ္တရားများကို ထက်ြွန်ိုးကြားစွာ ကျေပွန်အောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

(သတင်းစဉ်)

မိုးရေချိန် စံချိန်သစ်

နေပြည်တော် ဇူလိုင် ၃၁

၂၀၁၁ ခုနှစ် ဇူလိုင် ၃၁ ရက် မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်းများ၌ ဇူလိုင်လ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန် စံချိန်သစ်ကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန်ကျိုးခဲ့သည့်နှစ်	စံချိန်ကျိုးသည့်နှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁	ရေး	၃၂၀	၁၂.၆၀	၃၀၂	၁၁.၈၉	၂၅-၇-၁၉၉၇	၄၈

(သတင်းစဉ်)

ဝန်မြစ်ရေ ငါးသိုင်းချောင်းမြို့၌ စိုးရိမ်ရေမှတ်အထက် ရောက်ရှိ

နေပြည်တော် ဇူလိုင် ၃၁

ဝန်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့၌ ၁၁၆၁ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၁ စင်တီမီတာ(တစ်ပေခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)